မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

ဥပဒေကြမ်း (၂)ခုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အဆို (၁)ခု ဆွေးနွေးခြင်းတို့ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၁၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ သံတမန်ဆက်သွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း (၂)ခုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အဆို (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

သံတမန်ဆက်သွယ်ရေးကိစ္စရပ်များဆွေးနွေးခြင်းကဏ္ဍ၌ ယမန်နေ့က လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဆွေးနွေးခဲ့သော နိုင်ငံတော်သမ္မတက တင်ပြလာသည့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်းတို့က နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်မှုထားရှိခြင်းသည် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည်တို့နှင့် အကျိုးရှိစွာ ဆက်စပ်ပတ်သက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယနေ့ရောက်ရှိပိုင်ဆိုင်နေသောအခြေအနေသည် ဒီမိုကရေစီနိုင်ငံတော်သို့ ပြည်တွင်းပြည်ပအင်အား အပြည့်အစုံဖြင့် ဆက်လက်ချီတက်ရန် အကောင်းဆုံးအခြေအနေတစ်ခုဖြစ်သည်ဟု လုံးဝယုံကြည်လျက်ရှိပါကြောင်း၊ ထို့ပြင် ယနေ့အခါ *စာမျက်နှာ ၃ ကော်လံ ၁* ◆

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ခရီးသည်တင် အဝေးပြေးယာဉ်များလိုက်နာရန်

စည်းကမ်းချက်များထုတ်ပြန်

ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးမည်

မန္တလေး ဇူလိုင် ၁၇

မန္တလေးတိုင်း ဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(အဝေးပြေး)မှ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်အသင်းများအားတွေ့ဆုံ၍ အမြန်လမ်းမကြီးပေါ် ယာဉ်အန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲနိုင်ရေးအတွက် လိုက်နာရမည့်အချက်များ အသိပေးရှင်းလင်းသည်။

ခရီးသည်တင် ယာဉ်ကြီးများ လိုက်နာရမည့် အချက်များတွင် အငှားယာဉ်မောင်းလိုင်စင်ရရှိထားသော ယာဉ်ပေါ်တွင် ဝန်ဆောင်မှုပေးနေသော အမျိုးသမီးပါရှိခြင်းကို အကြောင်းပြု၍ ယာဉ်နောက်လိုက် မထည့်ခြင်းမဖြစ်စေရန်နှင့် စပယ်ယာလိုင်စင်ရှိ ယာဉ်နောက်လိုက် ***စာမျက်နှာ ၇ ကော်လံ ၃*** ▲

ပါဝင်ဆင်နွှဲ လယ်တောသူတို့အလှမယ်ရွေးပွဲ

ရန်ကုန် ဇူလိုင် ၁၇

ယခင်က အလှမယ်ရွေးပွဲများကို အသင်းအဖွဲ့အချို့က အဝတ်အစားဒီဇိုင်းပုံစံအမျိုးမျိုးဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ခေတ်ပေါ်ဒီဇိုင်းလည်းပါသည်။ မြန်မာ့ရိုးရာ အဝတ်အစားဒီဇိုင်းများလည်းပါသည်။ ယခုတော့ ထူးထူးခြားခြား အလှမယ်ရွေးပွဲတစ်ပွဲကို ကျင်းပခဲ့သည်။ အများအတွက် အမြင်ဆန်းစေသည့်အပြင် မြန်မာ့ရိုးရာအခြေခံ လယ်တောသူတို့၏ သဘာဝဟန်ကို ဖော်ညွှန်းသည့် အလှမယ်ပြိုင်ပွဲဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းကကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ် Miss Farmer Contest လယ်တောသူ အလှမယ်ရွေးပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး *စာမျက်နှာ ၉ ကော်လံ ၄* ❐

လယ်တောသူတို့ အလှမယ်ရွေးပွဲတွင် အလှမယ်တစ်ဦး၏ ယှဉ်ပြိုင်ဟန်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

မန္တလေးမြို့ အဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

ပတ်လည်လမ်းများ ခြောက်လမ်းသွားဖောက်လုပ်

မန္တလေး ဇူလိုင် ၁၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ်များ လက်ခံကျင်းပပေးမည့် မန္တလေးအဆင့်မြင့် အားကစားကွင်းကို မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၈ လမ်းနှင့် ၇၃ လမ်းကြား သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားတွင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက စတင်တည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ **(ယာပုံ)** *စာမျက်နှာ ၉ ကော်လံ ၆* ❖



မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၁၈ ရက်)

လူတော်လူကောင်းဖြစ်အောင် ကျင့်ကြံကြိုးစား

လူတော်လူကောင်းဟူသောစကားကို လူတိုင်းပင် ကြားဖူးကြပေလိမ့်မည်။ ဆရာ မိဘတို့က တပည့်သားသမီးတို့အား လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြစမ်းပါဟူ၍ မကြာခဏ တဖွဖွပြောဆိုဆုံးမလေ့ရှိသဖြင့် နားရည်ဝနေကြ၏။ အမှန်အားဖြင့် လူတော်လူကောင်းဟူ၍ တွဲပြောနေကြသော်လည်း လူတော်နှင့် လူကောင်းသည် သီးခြားအဓိပ္ပာယ်များ ရှိကြကုန်၏။ သို့သော် ဤသည်တို့သည် တစ်ခုနှင့်တစ်ခု သီးခြားစီ အဓိပ္ပာယ်ဆောင်ကြသော်လည်း အလွန်ရှေ့သွားနောက်လိုက်ညီသော စကားရပ်ပင်ဖြစ်၏။

ထိုလူတော်နှင့်လူကောင်းဟူသော ဂုဏ်ဒြပ်တို့သည် မွေးကတည်းက ပါလာသည့်အရာများမဟုတ်။ နှစ်မျိုးစလုံးသည် ကျင့်ကြံကြိုးစားမှသာလျှင် ရနိုင်သည့်ဂုဏ်ဒြပ်များပေတည်း။ လူတော်ဖြစ်ချင်သလား ကြိုးစားမှသာ ဖြစ်နိုင်၏။ လူကောင်းကော ဖြစ်ချင်သလား ကျင့်ကြံကြိုးစားမှသာ ဖြစ်နိုင်၏။ မကြိုးစား မကျင့်ကြံဘဲနှင့် လူတော်လူကောင်းဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

လူတော်ဟူသည်ကား ပညာရှာသည်ဖြစ်စေ၊ စီးပွားရှာသည်ဖြစ်စေ ထူးချွန်ပြောင်မြောက်စွာ လုပ်ကိုင်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ "ကျွန်မတို့ရပ်ကွက်ထဲ ကိုအဝ့်ါသမီးကတော့ ဒီနှစ်စာမေးပွဲမှာ ဂုဏ်ထူးခြောက်ဘာသာနဲ့အောင်တာ တော်လိုက်တာနော်။ အမလေး ကျွန်မတို့ရပ်ကွက်ထဲ သူတို့လင်မယား စီးပွားရှာတာ တော်မှတော်၊ စီးပွားဖြစ်မှဖြစ်"ဟူ၍ လူတော်များအကြောင်း ချီးမွမ်းပြောဆိုကြ၏။ ထို့အတူ လူကောင်းများနှင့် ပတ်သက်၍လည်း ဤသို့ ပြောဆိုကြ၏။ "ဒီလူက လူကောင်းတစ်ယောက်ပါ၊ တကယ့်ကို ရိုးသားကြိုးစားတဲ့လူ၊ စိတ်ကောင်းနှလုံးကောင်း အလွန်ရှိတဲ့လူ"ဟူ၍ ချီးမွမ်းပြောဆိုကြ၏။ လူကောင်းဟူသည် စိတ်သဘောထား တည်ကြည်ဖြောင့်မတ်ပြီး ရိုးသားကြိုးစားသူကို ဆိုခြင်းဖြစ်၏။

ဤလောက၌ လူတော်လူကောင်းများရှိပါ၏။ အချို့ကမူ လူတော်သည်။ သို့သော် လူကောင်းမဖြစ်ကြပါ။ အချို့က လူကောင်းများဖြစ်ကြသည်။ သို့သော် လူတော်များမဖြစ်ကြပါ။ လူတော်များဖြစ်ကြသော်လည်း ရိုးသားဖြောင့်မတ်ခြင်း၊ အနစ်နာခံ ကြိုးစားအားထုတ်ခြင်း မရှိကြပါ။ လူတော်အချို့မှာ ပညာဂုဏ်၊ ရာထူးဂုဏ်၊ နေဂုဏ်မောက်တတ်ကြသည်။ ငါတော် ငါတတ်လုပ်ကြသဖြင့် စိတ်ဓာတ်ရေးရာကို အခြေခံသည့် လူကောင်းများဖြစ်မလာကြပါ။ ထို့အတူ လူကောင်းများသည်လည်း ရိုးသားဖြောင့်မတ်သည်က မှန်၏။ လူတော်ဖြစ်အောင် လုံ့လပြု ကြိုးစားအားထုတ်ခြင်းမရှိ၍ အကျင့်စာရိတ္တကောင်း လူကောင်းဖြစ်ပင် ဖြစ်ငြားသော်လည်း လူတော်မဖြစ်နိုင်ပါ။ ထို့ကြောင့် လူတော်လူကောင်းဖြစ်ရန် လိုအပ်ပေသည်။

ကျွန်ုပ်တို့နိုင်ငံ၌ ဤကဲ့သို့သော လူတော်လူကောင်းများစွာ လိုအပ်လျက်ရှိသည်။ လူတော်လူကောင်းများ တိုးပွားများပြားလာမှသာလျှင် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအဖြာဖြာတို့သည် တိုးတက်ခြင်း၊ ကြီးပွားချမ်းသာခြင်းသို့ အမြန်ဆုံးရောက်ရှိပေလိမ့်မည်။ လူသည် မည်မျှပင် တော်တတ်သည်ဖြစ်စေကာမူ လူကောင်းမဖြစ်လျှင် မကြီးပွားနိုင်သည်ကို သတိချပ်သင့်ပေသည်။

သို့ဖြစ်၍ လူတော်များသည် တော်သည်ထက်တော်အောင် အမြဲလေ့ကျင့် ကြိုးစားအားထုတ်နေရမည်ဖြစ်သကဲ့သို့ လူကောင်းများသည်လည်း ဖြူသောနှလုံး သူတော်ထုံးကို အစဉ်နှလုံးမူသင့်၏။ လူကောင်းများသည် လူတော်များဖြစ်အောင် ကြိုးစားအပ်ပေသည်။ လောက၌ လူတော်လူကောင်းများ တိုးပွားလာမည်ဆိုလျှင် ကြီးပွားတိုးတက်ခြင်းသို့ ရောက်ရှိမည်အမှန်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကုန်သည်/စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဂျပန်နိုင်ငံ NEDO ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ Earth Industry Co,.Ltd., Managing Director ဒေါ်ခိုင်ဇော်၊ Renewable Energy Groupမှ ဦးထွန်းနိုင်အောင်တို့အား ဇူလိုင် ၁၁ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံအခြေစိုက် ဂျပန်နိုင်ငံ New Energy and Industrial Technology Developement Organization (NEDO)ရုံးခွဲမှ Mr.Shinichi ISHII, Chief Representative for Asia Region, Mr. Koji Kanayama, Representative, NEDO Bangkok Office တို့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုလုပ်ငန်းအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝမြင့်တက်လာစေရေးအတွက် လျှပ်စစ်စွမ်းအား လိုအပ်မှုရှိသောကြောင့် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကို ကျေးလက်ဒေသများတွင်ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအားကို ရေအား၊ လေအား၊ နေရောင်ခြည်အားနှင့် စွန့်ပစ်ပစ္စည်းတို့ကို အသုံးပြု၍ ထုတ်ယူရန်အခွင့်အလမ်းများစွာရှိသည့်ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ဖွင့်လှစ်ထား

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်လမ်း(ယခင်တာဝါလိန်းလမ်း)ရှိနေအိမ်၌ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မေလမှစ၍ ကျဆုံးသည့် ၁၉-၇-၁၉၄၇ ရက်နေ့အထိ နေထိုင်ခဲ့သည်။

ဗိုလ်ချုပ်သုံးစွဲခဲ့သော အသုံးအဆောင်၊ ပရိဘောဂများ၊ ဓာတ်ပုံများ၊ ဗိုလ်ချုပ်ဖတ်ရှုခဲ့သော စာအုပ်များ၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သော အဝတ်အထည်များ၊ ဗိုလ်ချုပ်စီးခဲ့သောမော်တော်ကားတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာနက စနစ်တကျထိန်းသိမ်း၍ အထိမ်းအမှတ်ပြတိုက်အဖြစ် ပြည်သူလူထုနှင့် ပြည်ပလေ့လာသူများ ကြည့်ရှုလေ့လာနိုင်အောင် ဖွင့်လှစ်ပြသလျက်ရှိသည်။

ယခင်က အာဇာနည်နေ့တစ်ရက်တည်းသာ ဖွင့်လှစ်ပြသခဲ့ရာမှ ၂၀၁၂ ခုနှစ် မတ် ၅ ရက်မှစ၍ တနင်္လာ၊ အင်္ဂါနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်လျက်ရှိသည်။ ဝင်ကြေးမှာ မြန်မာနိုင်ငံသား၊ နိုင်ငံခြားသားမခွဲခြားဘဲ လူကြီး ကျပ် ၃၀၀၊ သံဃာတော်/သီလရှင်/ကလေး ကျပ် ၁၀၀ သတ်မှတ်ထားကြောင်း၊ အာဇာနည်နေ့ ဇူလိုင် ၁၉ ရက်တွင်မူ အထူးအစီအစဉ်အဖြစ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖွင့်လှစ်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

သာယာဝတီ ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အာစီနှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို သာယာဝတီမြို့ဇာတိဖွား အထက(၁) ကျောင်းသားဟောင်း ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)နှင့် ဇနီးဒေါ်စိန်စိန်မိသားစုကလှူဒါန်းခြင်းဖြစ်ပြီး ကျောင်းဆောင်သစ်ကြီး၏ အလျားမှာ ပေ ၁၃၀၊ အနံပေ ၃၀ ရှိသည်။ စာသင်ခန်းရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင်ကြီးဖြစ်ပြီး ခြောက်ခန်းတွဲ ရေလောင်းအိမ်သာ၊ ရေစင်၊ ရေစက်၊ လမ်းခင်းခြင်းအပါအဝင် အလှူရှင်က လှူဒါန်းငွေ ကျပ်သိန်း ၇၅၀ နှင့် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများက ငွေကျပ်သိန်း ၇၀ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၈၂၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးအေးကြူ၊ ကျောင်းဆောင်သစ်အလှူရှင် ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်ဦး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ သာယာဝတီမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီးနောက် တာဝန်ရှိသူများက ပညာရေးဌာနတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဖောင်းပြင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဖောင်းပြင် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီက ချင်းတွင်းဗိုလ်လယ်ပန်းခြံ၌ ကျင်းပရာ ဖောင်းပြင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်ရပ်ကွက်ပြည်သူများက ယူကလစ်၊ ပန်းတမာ၊ ကျွန်း၊ မန်ကျည်း၊ ကံ့ကော်၊ စိန်ပန်း၊ မဲဇလီ၊ ပိတောက်၊ ပျဉ်းကတိုး၊ မြောက်ငိုပင် စုစုပေါင်းအပင် ၄၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

မိုးရာသီသီးနှံစိုက်ပျိုးစရိတ် သံတွဲမြို့၌ထုတ်ချေး

သံတွဲ ဇူလိုင် ၁၇

သံတွဲခရိုင် သံတွဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား ၂၀၁၂ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ပေးပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက သံတွဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးခင်မောင်ညွန့်က ဘဏ်ချေးငွေဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ထွန်းခိုင်က မိုးစပါးတစ်ဧကအထွက်နှုန်းတိုးရေးအတွက် ဆောင်ရွက်ရမည့် နည်းစနစ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၂ခုနှစ်မိုးစပါးစိုက်ပျိုးရာသီအတွက် သံတွဲမြို့နယ် ပေါက်တူးကျေးရွာအုပ်စုနှင့် ကနခိုကျေးရွာအုပ်စုတို့မှ တောင်သူ ၁၃၇ ဦးတို့၏ စိုက်ဧက ၆၁၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)**

အခြေခံပညာကျောင်းများတွင် အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကျင်းပ

ပုသိမ် ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၄ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ပုသိမ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူးဦးပိုင်စိုး **(အောက်ပုံ)**နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဦးစီးအရာရှိ ဒေါ်နော်ခူးဝါးတို့က ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် အခွန်ဦးစီး)**



◆ ရှေ့ဖုံးမှ

ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် မြန်မာနိုင်ငံ၏ပါဝင်မှုကို ကမ္ဘာက လိုအပ်နေပါကြောင်းဖြင့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ သို့ဖြစ်ရာ နိုင်ငံရပ်ခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ရေးကိစ္စရပ်များသည် အတိုင်းထက်အလွန် လျော်ကန်သင့်မြတ်ပါသဖြင့် လွှတ်တော်က သဘောတူသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း(၃၄)နိုင်ငံတွင် သံရုံးများဖွင့်လှစ်ထားရှိပြီး အဖွဲ့ရုံး(၃)ရုံး၊ ကောင်စစ်ဝန်ရုံး (၃)ရုံး၊ ပူးတွဲတာဝန်ယူသည့် ရုံး(၃၇)ရုံး စုစုပေါင်း (၇၁)နိုင်ငံနှင့်သံတမန်အဆက်အသွယ်ပြုလုပ်ခြင်း၊ သံအမတ်ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ သံတမန်ဆက်သွယ်မှုကိုမူ နိုင်ငံပေါင်း(၁၀၃)နိုင်ငံနှင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယနေ့တင်ပြသည့်နိုင်ငံ(၈)နိုင်ငံဖြစ်သည့်အတွက် စုစုပေါင်း(၁၁၁)နိုင်ငံ ရှိလာမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံဖြစ်သည့်အတွက် ကျန်ရှိသည့်နိုင်ငံများနှင့်လည်း သံတမန်ဆက်သွယ်တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်၍ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သံတမန်ဆက်သွယ်မှု ထူထောင်ခြင်းဖြင့် နှစ်နိုင်ငံချင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရာ၌ ပိုမိုတိုးတက် အောင်မြင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဘော့စ်နီးယားနှင့်ဟာဇီဂိုးဗီးနားနိုင်ငံ၊ မာလာဝီသမ္မတနိုင်ငံ၊ ဘူတန်နိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ၊ လူဇင်းဘတ်နိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ အက်စ်တိုနီးယားသမ္မတနိုင်ငံ၊ ဒိုမီနီကန်သမ္မတနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်ရန် နိုင်ငံတော်သမ္မတ၏တင်ပြချက်ကို လွှတ်တော်ကသဘောတူကြောင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေကြမ်း**နှင့် **နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ရှင်းလင်းတင်ပြပြီး ယင်းဥပဒေကြမ်းများအပေါ် နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို ပူးပေါင်းကော်မတီဝင်များဖြစ်ကြသည့် ဦးငွန်မောင်နှင့် ဦးမြင့်ထွန်းတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်များကို ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့်အကြောင်းအရာကို ဖော်ပြလက်မှတ်ရေးထိုးပြီး ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော **အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေကြမ်း**အား နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာနိုင်ရန် ဧပြီ ၂၇ ရက်တွင် နိုင်ငံတော်သမ္မတထံပေးပို့ခဲ့ပြီး နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်များနှင့်အတူ လွှတ်တော်သို့ မေ ၃ ရက်တွင်လည်းကောင်း၊ **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကြမ်း**အား မေ ၄ ရက်တွင် နိုင်ငံတော်သမ္မတထံပေးပို့ခဲ့ပြီး နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်များနှင့်အတူ လွှတ်တော်သို့ မေ ၁၇ ရက်တွင်လည်းကောင်း ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်၏ **လယ်ယာမြေများ သိမ်းဆည်း ခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး၊ တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန်**အဆိုနှင့်စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင်၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့်နှင့် ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်တို့က အစိုးရသစ်အနေဖြင့် မြေယာခွဲဝေအသုံးချမှုစိစစ်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ တောင်သူလယ်သမားများ၏နစ်နာမှုများကို တရားမျှတစွာ ချက်ချင်းဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာအသီးသီးက အချင်းချင်းပြန်လည်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အခြားစီးပွားရေးလုပ်ကွက်များနှင့် ပတ်သက်၍ တိကျမှန်ကန်စွာစာရင်းကောက်ယူခြင်း၊ မှတ်ပုံတင်စာရင်းသွင်းခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းတို့တွင် အခွန်အကောက်ယူ၍ ပိုင်ဆိုင်မှုစာရင်းကို တိကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ဖြင့်လက်တွေ့ခံစားနေရသည့် တောင်သူလယ်သမားပြည်သူများ၏ နစ်နာမှုများကို တရားမျှတစွာ ဆောင်ရွက်ပေးမည်ဆိုပါက အောင်မြင်မှုများ လျင်မြန်စွာရရှိလာမည်ဟု ယူဆမိပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးခြင်း အစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် စတုတ္ထနေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသူ လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးရှိကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၂၀ တွင်ရပ်နားပြီး အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဖြူ ရမ်းဗြဲနှင့် မြောက်ဦးဒေသအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်

စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ လေဆိပ်ခန်းမဆောင်၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆွေးနွေးမှာကြားသည်။

ထို့နောက် ရဟတ်ယာဉ်ဖြင့် ရမ်းဗြဲမြို့သို့ ဆက်လက်ထွက်ခွာပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ရမ္မာဝတီခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ **(အပေါ်ပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသတည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာသို့ ရောက်ရှိပြီး ကျောက်နီမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးကာ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

ထို့နောက် ညနေပိုင်းတွင် မြောက်ဦးဟိုတယ်ခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသအခြေအနေများကို ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လက်ရှိတည်ငြိမ်အေးချမ်းနေမှုကို ဆက်လက်ထိန်းသိမ်းပြီး ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် လိုက်နာသင့်သည့်အချက်များ၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ကိုယ်တိုင်ခံစားချက်ကို ဦးစားမပေးဘဲ အမြော်အမြင်ရှိရှိ သုံးသပ်နေထိုင်သွားရေး၊ ပြင်ပမှ သွေးထိုးလှုံ့ဆော်မှုများ၊ ကောလာဟလများကို ယုံကြည်မှုမရှိရေးနှင့် ဒေသအတွင်း စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ပြီး စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်းပေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး လှမင်းသည် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့်အတူ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက မြောက်ဦးမြို့ နယ်မြေခံတပ်ရင်း တပ်ရင်းခန်းမ၌ ကျင်းပသည့် မြောက်ဦးတပ်နယ်အရာရှိ/ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက အမှာစကားပြောကြားပြီး တပ်နယ်မိသားစုများအတွက် ရုပ်သံဖမ်းစက်လေးစုံနှင့် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံသည်။ တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းသည် တက်ရောက်လာကြသည့် အရာရှိ/စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှူငွေ၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများ ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက်ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် ထိပ်တန်းမြန်မာအထည်ချုပ် (၁/၂) မိသားစုများက ငွေကျပ်သုံးဆယ့်ခြောက်သိန်းကိုးသောင်းလေးရာ တန်ဖိုးရှိ အဝတ်အထည်များ၊ Chatrium Hotel and Royal Lake Yangon က ငွေကျပ်ခြောက်သိန်းနှင့် အဝတ်အထည် (၁၈)ထုပ်၊ စောင်(၁၆) ထုပ်၊ Decoration Clothes လေးထုပ်၊ Health Care Group က ငွေကျပ်လေးသိန်း နှစ်သောင်းတစ်ထောင်နှင့် အဝတ်အထည်နှစ်ထုပ်၊ ကော်ဖီမစ်(၂၂) ထုပ်၊ ကရင်ပြည်နယ် စေတနာရှင်ပြည်သူများက အဝတ်အထည်(၁၅)ထုပ်၊ ဦးသန့်ဝင်း-ဒေါ်လှလှနွယ်၊ သမီး မဟေမာဝင်း မိသားစု မော်လမြိုင်မြို့က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးမြင့်သိန်း-ဒေါ်တင်တင်အေးမိသားစုက အဝတ်အထည် တစ်ထုပ်၊ မြင်းခြံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ငွေကျပ်ငါးသောင်း၊ ဦးကျော်ကျော်မိုး - ဒေါ်လှလှဖုန်း မိသားစုက ငွေကျပ်နှစ်သောင်းနှင့် အဝတ်အထည် ခြောက်ထုပ်၊ Special One ဘော်ဒါမိသားစုက ထွန်းရွှေဝါ ဆေးဘူးကိုးဒါဇင်နှင့် လွယ်အိတ်တစ်လုံး၊ ဦးဝင်းမောင်- ဒေါ်တင်ရီ မိသားစုက ငွေကျပ်တစ်သောင်း၊ မလွင်လွင်မျိုးက အဝတ်အထည်တစ်ထုပ်၊ ဦးထွန်းဦး-ဒေါ်သန်းသန်းနွဲ့မိသားစုက အဝတ်အထည် နှစ်ထုပ်၊ ဒေါ်တင်တင်အေး မိသားစုက အဝတ်အထည်ငါးထုပ်၊ ဒေါ်ခင်အေးမြင့်မိသားစုက အဝတ်အထည်တစ်ထုပ်၊ ဦးစိုးမိုးဝင်း-ဒေါ်ဥမ္မာခိုင်မိသားစုက အဝတ်အထည် သုံးထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၉၂၅၇၁၅၂၃ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖြူးမြို့၌ သစ်ပင်စိုက်ပျိုး

ဖြူး ဇူလိုင် ၁၇

ဖြူးမြို့နယ်၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို အထက(၁)၌ ကျွန်း၊ ယူကလစ်၊ အင်ကြင်းနှင့် စိန်ပန်းပင် ၅၀၀ နှင့် အထက(၂)တွင် ကျွန်း၊ ယူကလစ်၊ အင်ကြင်းနှင့် စိန်ပန်းပင် ၅၅၀ စုစုပေါင်း ၁၀၅၀ တို့ကို ဇူလိုင် ၈ ရက်က မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ သစ်တောဝန်ထမ်းများ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တောဦးစီး)**

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်/ စာရေးဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ပဲခူးမြို့ ရဲရိပ်သာ၌ ဇူလိုင် ၁၂ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း ဂုဏ်ထူးရကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (တိုင်းဒေသကြီးရဲတပ်ဖွဲ့)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ဇူလိုင် ၃ ရက်က ဝါးတစ်ရာရေတွင်းကုန်းကျေးရွာ လမ်းဘေးဝဲယာ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးတင့်လွင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှခက်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သစ်ပင်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (ဝ၄၈)

စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲအမှတ် (၂၂၈/ ၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၁) ၏ Business Talk အစီအစဉ်အရ ဒေါက်တာအောင်ထွန်းသက်က "စီးပွားရေးမဟာဗျူဟာများ" ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၄ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီခွဲတွင် ပဋ္ဌမထပ် အစည်းအဝေးခန်းမ၌ ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း-၀၁-၂၅၀၈၇၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အိတ်ချ်အိုင်ဗွီကာကွယ်နိုင်သည့်ဆေး သုံးစွဲရန် အတည်ပြု

နယူးယောက် ဇူလိုင် ၁၇

အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းကို တားဆီးကာကွယ်နိုင်သည့် ဆေးဝါးတစ်မျိုးကို အများပြည်သူများသုံးစွဲရန် အမေရိကန်ကျန်းမာရေး ညှိနှိုင်းရေးမှူးများက ပထမဆုံးအကြိမ်အဖြစ် သဘောတူအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၁၆ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ထရူဗာဒါ(Truvada)ဟု အမည်ပေးထားသော အဆိုပါ အိတ်ချ်အိုင်ဗွီ တားဆီးကာကွယ်ဆေး **(ဝဲပုံ)**ကို ရောဂါကူးစက်ခံရမည့်အနေအထားရှိနေသူများနှင့် အိတ်ချ်အိုင်ဗွီကူးစက်ခံထားရသူနှင့် ဆက်ဆံမိသူများ သောက်သုံးနိုင်ဖွယ်ရှိကြောင်း အမေရိကန်အစားအသောက်နှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ)က ပြောကြားသည်။ ၎င်းဆေးဝါးသည် အိတ်ချ်အိုင်ဗွီကူးစက်မှုကို ၇၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း သုတေသနပြု လေ့လာချက်များတွင် ဖော်ပြသည်။

အိတ်ချ်အိုင်ဗွီလူမှုအသိုင်းအဝိုင်းရှိ အချို့သော ကျန်းမာရေးလုပ်သားများနှင့် အဖွဲ့အစည်းများက ၎င်းဆေးကို တစ်နေ့တစ်လုံးသောက်သုံးရန် မီးစိမ်းပြလိုက်ခြင်းကို ဆန့်ကျင်ကန့်ကွက်နေကြသည်။ ယင်းတို့က အိတ်ချ်အိုင်ဗွီဆေးယဉ်ပါးလာမည်ကို စိုးရိမ်မကင်းဖြစ်နေကြသည်။ အဆိုပါဆေးဝါးကို သုံးစွဲသော်လည်း အိတ်ချ်အိုင်ဗွီတားဆီးကာကွယ်ရေးအစီအစဉ်များကို လိုက်နာဆောင်ရွက်သင့်ကြောင်း အက်ဖ်ဒီအေက အလေးအနက် အကြံပြုထားသည်ကိုလည်း ၎င်းကြေညာချက်၌ ဖော်ပြထားသည်။ ယင်းဆေးဝါးကို အက်ဖ်ဒီအေ ကျောထောက်နောက်ခံပြုသည့် ကယ်လီဖိုးနီးယားအခြေစိုက် ဂီးလက်သိပ္ပံက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နယူးဇီလန်၌ ရွှေမိုင်းတွင်းမီးလောင်မှုဖြစ်ပွား ပိတ်မိမိုင်းလုပ်သား ၂၈ ဦးအားကယ်ဆယ်နိုင်

ဝယ်လင်တန် ဇူလိုင် ၁၇

နယူးဇီလန်နိုင်ငံမြောက်ကျွန်း၏ အရှေ့မြောက်ပိုင်း ဝိုဟီမြို့အနီး ရွှေမိုင်းတွင်းတစ်တွင်း၌ ဇူလိုင် ၁၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မိုင်းတွင်းအောက်၌ ပိတ်မိနေသောမိုင်းလုပ်သား ၂၈ ဦးကို အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ကြောင်း ဇူလိုင် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါမိုင်းတွင်းသည် အမေရိကန်နိုင်ငံမှ နယူးမွန့်ဝိုဟီကုမ္ပဏီပိုင် ရွှေမိုင်းတွင်းဖြစ်ပြီး မိုင်းလုပ်သားများ မြေအောက်၌ ရွှေတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် မြေအောက်၌ အင်ဂျင်စက်မှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုင်းတွင်းမြေအောက်၌ ပေါက်ကွဲမှုတစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိကြောင်း၊ မိုင်းတွင်းမြေအောက်အင်ဂျင်စက် မီးလောင်ခဲ့ခြင်းသာဖြစ်ပြီး ၎င်းမှ မီးခိုးများ ဖုံးလွှမ်းခဲ့ခြင်းသာဖြစ်ကြောင်း၊ သို့သော် မိုင်းလုပ်သား ၂၈ ဦးစလုံးကို မြေပြင်သို့ အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းမိုင်းတွင်းမန်နေဂျာက ပြောကြားသည်။ **(အပေါ်ပုံ)**

ယခုအခါ အဆိုပါရွှေမိုင်းတွင်း မီးလောင်မှုနှင့်ပတ်သက်ပြီး နယူးဇီလန်အရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ လောလောဆယ်၌ သတင်းအသေးစိတ်ကို မထုတ်ပြန်သေးကြောင်း ဖော်ပြသည်။ **(အင်တာနက်)**

အသက် ၉၀ အရွယ် ဗြိတိသျှအဘိုးအို လေယာဉ်ပေါ်မှ ပထမဆုံးအကြိမ် လေထီးခုန်ဆင်းခြင်းဖြင့်မွေးနေ့ကျင်းပ

လန်ဒန် ဇူလိုင် ၁၇

ဗြိတိန်နိုင်ငံရှိ အဘိုးအိုတစ်ဦးသည် အသက် ၉၀ ပြည့်မွေးနေ့ကို သူ့ဘဝသက်တမ်းတစ်လျှောက် ပထမဦးဆုံးအကြိမ်အဖြစ် လေထီးခုန်ချခြင်းပြုလုပ်ကာ ကျင်းပခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇူလိုင် ၁၇ ရက်က ဖော်ပြသည်။

ခုန်ဆင်းခဲ့

အင်္ဂလန်အနောက်တောင်ပိုင်း ဒီဗွန်ရှိုင်းယားပြည်နယ် အစ္စတာမြို့သား အဘိုးအို လီစတာဆလိတ်သည် မြေပြင်ဆင်းသက်မှုနည်းပြဆရာနှင့် အကူလေထီးခုန်သမားတို့နှင့်အတူ ၎င်း၏ အသက် ၉၀ ပြည့် ဇူလိုင် ၁၆ ရက်တွင် လေယာဉ်တစ်စင်းပေါ်မှ ပစ္စဖေးလေဆိပ်သို့ လေထီးခုန်ဆင်းခဲ့ခြင်းဖြစ်သည်။ ***(အောက်ပုံ)***

ဆလိတ်သည် ဒုတိယကမ္ဘာစစ်အတွင်း ရေတပ်ရေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က လေထီးအသုံးပြုပုံနည်းစနစ်များကို သင်ယူခဲ့ဖူးသော်လည်း ကိုယ်တိုင်လေထီးခုန်ဆင်းခြင်း တစ်ခါမျှမပြုလုပ်ခဲ့ဖူးကြောင်း၊ ယခု အသက် ၉၀ ပြည့် မွေးနေ့တွင် အမှတ်တရအနေဖြင့် ပထမဆုံးလေထီးခုန်ဆင်းခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ အဘိုးအိုဆလိတ်သည် လေယာဉ်ပေါ်မှ လေထီးဖြင့် ခုန်ဆင်းလာသည်ကို မိသားစုဆွေမျိုးနှင့် မိတ်ဆွေသင်္ဂဟ ၅၀ ကျော်က အားပေးကြည့်ရှုကာ မွေးနေ့ကို ကျင်းပခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်သမ္မတဟောင်း ဂျော့ခ်အိတ်ချ်ဒဗလျူဘုရှ်က ၂၀၀၉ ခုနှစ်အတွင်း ၎င်း၏အသက် ၈၅ နှစ်ပြည့်မွေးနေ့တွင် လေယာဉ်တစ်စင်းပေါ်မှ လေထီးဖြင့် ခုန်ချပြသခဲ့ခြင်းသည် သူ့အတွက် အတုယူအားကျမှုများ ဖြစ်စေခဲ့သည်ဟု ဆလိတ်က ဆိုသည်။

သူ၏အသက် ၉၅ နှစ်ပြည့်မွေးနေ့တွင် သို့မဟုတ် အသက် ၁၀၀ ပြည့်သည့်အခါတွင် ယခုလိုလေထီးခုန်ဆင်းကာ မွေးနေ့ပွဲကျင်းပဦးမည်ဖြစ်ကြောင်း မွေးနေ့ရှင် အဘိုးအိုဆလိတ်က ဆက်လက်ပြောကြားခဲ့သည်။ ***(အင်တာနက်)***

စင်ကာပူ၌ ဟိုတယ်မီးလောင်မှုဖြစ်ပွား၊ ၁၁ ဦးဒဏ်ရာရ

စင်ကာပူ ဇူလိုင် ၁၇

စင်ကာပူနိုင်ငံ East Village ဟိုတယ်၌ ဇူလိုင် ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ ၁၁ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မီးစတင်လောင်ကျွမ်းပြီး ငါးနာရီခန့်ကြာမှသာ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဒဏ်ရာရရှိသူများမှာ မီးသတ်သမားနှစ်ဦး၊အမျိုးသား အမျိုးသမီး ငါးဦးနှင့် ကလေးငယ်လေးဦးတို့ဖြစ်သည်။ မီးသတ်သမားနှစ်ဦးမှာ ဦးခေါင်းနှင့်လက်များတွင် ဒဏ်ရာရရှိခဲ့ကြသည်ဟု စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။ မီးစတင်လောင်ကျွမ်းမှုမှာ ၎င်းဟိုတယ်၏ပစ္စည်းများ လက်လီရောင်းချရာ တိုးချဲ့အဆောင်မှနေ၍ ယင်းနေ့နံနက် ၈ နာရီခွဲခန့်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ယခုဟိုတယ်မီးလောင်မှုမှာ စင်ကာပူနိုင်ငံ၌ မကြာမီနှစ်များအတွင်း အဆိုးရွားဆုံးဖြစ်သည်။

မီးငြိမ်းသတ်ခဲ့

စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်ပေါင်း ၈၀ ခန့်တို့က မီးသတ်ယာဉ်ရှစ်စီးခန့်ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးနှင့် ကလေးငယ်လေးဦးတို့မှာ ပါကစ္စတန်နိုင်ငံမှ လာရောက်တည်းခိုကြသည့် မိသားစုဖြစ်ကြောင်း စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ယီမင်ကလေးငယ် ၂၅၀၀၀၀ အာဟာရချို့တဲ့လျက်ရှိ

ဆာနား ဇူလိုင် ၁၇

ယီမင်နိုင်ငံ၌ ဆိုးရွားစွာအာဟာရချို့တဲ့မှုကြောင့် ကလေးငယ် ၂၅၀၀၀၀ တို့၏ အသက်အန္တရာယ်အတွက် စိုးရိမ်နေကြရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က သတိပေးလိုက်သည်။

ယီမင်နိုင်ငံ၏ ထိုပြဿနာကို ချက်ချင်းမကိုင်တွယ်လျှင် ကလေးငယ် ၂၅၀၀၀၀ တို့မှာ အသက်အန္တရာယ်သော်လည်းကောင်း သို့မဟုတ် တစ်သက်တာနောက်ဆက်တွဲဆိုးကျိုးများကိုသော်လည်းကောင်း ခံစားကြရလိမ့်မည်ဟု ယူနီဆက်ဖ်အဖွဲ့မှ ဂတ်ကာပယ်လာရီက ပြောကြားသည်။

အဆိုးဆုံးဖြစ်

အသက်ငါးနှစ်အောက်ရှိ ယီမင်ကလေးသူငယ် ၆၀ ရာခိုင်နှုန်းနီးပါးမှာ အာဟာရချို့တဲ့မှုပြဿနာနှင့် ယခုအခါကြုံတွေ့နေကြရကြောင်း ကမ္ဘာပေါ်၌ အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ယီမင်နိုင်ငံမှာ အဆိုးဆုံးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ ကလေးငယ် ၁၅၀၀၀၀ ခန့် ကာကွယ်ကုသနိုင်သည့်ရောဂါဖြင့် နှစ်စဉ်သေဆုံးဟုဆို

ဂျကာတာ ဇူလိုင် ၁၇

အင်ဒိုနီးရှားနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးသူငယ် ၁၅၀၀၀၀ တို့မှာ ကာကွယ်ကုသနိုင်သည့် ရောဂါကြောင့် နှစ်စဉ်သေဆုံးကြရကြောင်း ယူနီဆက်ဖ်အရာရှိ အက်ဒွပ်ကာဝါဒိုင်းက ဂျကာတာမြို့၌ ဇူလိုင် ၁၆ ရက်တွင် ပြောကြားလိုက်သည်။

စိုးရိမ်ရ

ကာကွယ်ကုသနိုင်သည့်ရောဂါများမှာ ပုဂ္ဂိုလ်ရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးစောင့်ရှောက်မှုနှင့် များစွာနီးနွယ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ဝေးလံခေါင်ပါးသည့်အရပ်တွင် နေထိုင်ပြီး စာမတတ်သူများကြားတွင် နေထိုင်ရသော ကလေးသူငယ်များအတွက် စိုးရိမ်ရသည်ဆို၏။ထို့ပြင် ကလေးမွေးပြီး နှစ်စဉ် သေဆုံးရသည့် အင်ဒိုနီးရှားမိခင်ဦးရေမှာ ၁၀၀၀၀ ခန့်ရှိသည်ဟုလည်း ယူနီဆက်ဖ်အဖွဲ့ တာဝန်ရှိသူ အက်ဒွပ်ကာဝါဒိုင်းက ပြောကြားသည်။ **(အင်တာနက်)**

နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်တောင်ပိုင်း၌ သေဆုံး

ကဘူးလ် ဇူလိုင် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လက်နက်ကိုင်တို့၏ တိုက်ခိုက်မှုကြောင့် ဇူလိုင် ၁၆ ရက်က နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း နေတိုးအဖွဲ့တွင် ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လက်နက်ကိုင်တို့၏လက်ချက်ကြောင့် မိမိတို့တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း နေတိုးတပ်ဖွဲ့က ဇူလိုင် ၁၆ ရက်တွင် ကြေညာသည်။ အဆိုပါနေတိုးကြေညာချက်တွင် ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်းမပြုပေ။ ၂၀၁၂ ခုနှစ်အတွင်း အာဖဂန်နစ္စတန်တွင် ယခုအထိသေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေမှာ ၂၄၀ ရှိသွားပြီဟု သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၇-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

ဂြိုဟ်တုရှစ်လုံး လွှတ်တင်ရန် ရုရှားစီစဉ်

ရုရှားနိုင်ငံက ယခုနွေရာသီအကုန်တွင် ရုရှားလုပ်ဒုံးပျံရှစ်စင်းဖြင့် ဂြိုဟ်တုရှစ်လုံးလွှတ်တင်ရန် စီစဉ်ထားကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် ဒီမီထရီရိုဂိုဇင်က ဇူလိုင် ၁၆ ရက်တွင် အတည်ပြုပြောကြားသည်။

ရုရှားအာကာသယာဉ်မှူးသုံးဦးစေလွှတ်ပြီး နောက်တစ်ရက်အကြာတွင် ပြုလုပ်သည့် အစိုးရအစည်းအဝေးတစ်ရပ်၌ ဝန်ကြီးချုပ်မက်ဗီဒက်အား ရိုဂိုဇင်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ သဘာဝသယံဇာတအရင်းအမြစ်များ လေ့လာရန်အတွက် ဒုံးပစ်စင်တွင် တပ်ဆင်ထားသည့် ထောက်လှမ်းရေးဂြိုဟ်တု တစ်လုံးကို ဆိုယုဇ်-အက်ဖ်ဂျီ (Soyuz-FG) ဒုံးပျံယာဉ်ဖြင့် လွှတ်တင်သွားမည်ဖြစ်ကြောင်း ရိုဂိုဇင်က ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါဂြိုဟ်တုသည် အစောပိုင်းတွင် သဘာဝဘေးအန္တရာယ်များစောင့်ကြည့်သတိပေးရန် လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် ဇူလိုင် ၂၆၊ ဩဂုတ် ၁၊ ၁၃၊ ၃၀ ရက်နှင့် စက်တင်ဘာ ၁၉ ရက်တို့တွင်လည်း ရုရှားနိုင်ငံက အာကာသအတွင်း ကာဇက်စတန်ရှိ ဘိုင်ကိုနော့ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဆက်သွယ်ရေးဂြိုဟ်တုများကို လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ ၎င်းဂြိုဟ်တုများအားလုံးကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ပရိုတို-အမ် (Proto-M)၊ ဆိုယုဇ်ယူ (Soyuz-U)၊ ဆိုယုဇ် ၂-၁အေ (Soyuz 2-1A) ဒုံးပျံယာဉ်များဖြင့် သယ်ဆောင်သွားမည်ဖြစ်သည်။ ဇူလိုင် ၂၈ ရက်တွင် အာကာသဒုံးပျံယာဉ်တစ်စင်းကို ရုရှားနိုင်ငံမြောက်ပိုင်း ပလီစတတ်အာကာသစခန်းမှ လွှတ်တင်မည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်တွင် ပင်လယ်နှင့်သမုဒ္ဒရာဆိုင်ရာ လေ့လာရေးဂြိုဟ်တုလွှတ်တင်ရန် စီစဉ်ထားသည်။

\- - - - - - - - - - - - - - - - - - - -

နီပေါ၌ ဘတ်စ်ကားမြစ်ထဲထိုးကျ၊ ခြောက်ဦးသေဆုံး

နီပေါနိုင်ငံအလယ်ပိုင်း ဒိဟာဒင်းခရိုင်ရှိ ထရီရှူးလီမြစ်အတွင်းသို့ ဇူလိုင် ၁၆ ရက် နံနက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးထိုးကျမှုကြောင့် အနည်းဆုံး ခြောက်ဦးသေဆုံးပြီး ၂၄ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ ဘတ်စ်ကားသည် ယုဒီယာယာပါခရိုင် ကာတာရီဒေသမှ ခတ္တမန္ဒူမြို့သို့ ဦးတည်မောင်းနှင်လာခြင်းဖြစ်ကြောင်း ယင်းဒေသရှိ ရဲအရာရှိ ဂါဂျူရီက ပြောကြားသည်။ ယင်းဘတ်စ်ကားသည် ခရီးသည် ၅၇ ဦးအား တင်ဆောင်ကာ မောင်းနှင်လာပြီး မိုးဖွဲများကျနေစဉ်အတွင်း ဘရိတ်ချွတ်ယွင်းမှုကြောင့် ရုတ်တရက် မြစ်အတွင်းထိုးကျခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ထိုသို့ဖြစ်ပွားပြီးနောက် ဒေသတွင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင် ၂၀ တို့က သေဆုံးသူအမျိုးသမီးတစ်ဦး၊ ကလေးငယ်တစ်ဦးနှင့် အမျိုးသားလေးဦးတို့အား မြစ်အတွင်းမှ ဆယ်ယူခဲ့ပြီး ဒဏ်ရာရသည့်ခရီးသည်များကို နီးစပ်ရာဆေးရုံသို့ ဆေးဝါးကုသရန် ပို့ဆောင်ထားသည်ဟုဆိုသည်။ *(အောက်ပုံ)* ***(အင်တာနက်)***

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်လျက်ရှိ
ဝန်ထမ်းများ လုပ်ငန်းတာဝန်များကို စည်းကမ်း၊ နည်းလမ်းကျစွာဖော်ဆောင်

နေပြည်တော် ဇူလိုင် ၁၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမဆောင်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်နှင့် မြို့နယ် ၄၅ မြို့နယ်တို့မှ အင်ဂျင်နီယာများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိနိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပြီး မိမိတို့အနေဖြင့် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်သည့် ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များကို ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အင်ဂျင်နီယာများ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ပေးအပ်၍ လုပ်ခြင်းနှင့် မိမိကိုယ်တိုင် ဆန္ဒအရလုပ်ခြင်း နှစ်ခုရှိသည့်အနက် ကိုယ်တိုင်ဆန္ဒအရ လုပ်ချင်သူကို တာဝန်ပေးအပ်ခြင်းဖြင့် ဆုံးရှုံးနစ်နာမှုများနည်းပြီး လုပ်ငန်းအောင်မြင်နိုင်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို စည်းကမ်း၊ နည်းလမ်းကျစွာဖြင့် စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖိုက်ခင်းသာ

- ❖ မြက်ရိုင်းရှုပ်ရှုပ်၊
ချုံပုတ်ထူထူ၊ ကမူထပ်ထပ်
နွယ်ပတ်ခွေခွေ၊ ထိုထိုမြေတည့်။
- ❖ ထိုမြေကိုချဉ်း၊
မြက်ရှင်းချုံပြို၊ ကမူဖြို၍
နွယ်ကိုဖြတ်တောက်၊ မြေပေါက်မြေပြင်
မြေတင်မြေသား၊ ထင်အရှားတည့်။
- ❖ မြေလွှာထက်အောက်၊
မွှေနှောက်ဆက်စပ်၊ ခါမလပ်ပင်
ခြံခတ်ပေါင်တင်၊ ပြုပြင်ပံ့ပိုး
စိုက်ပျိုးခင်းလှ၊ ဖော်ဆောင်ပြသော်
အားကျဖွယ်ရာ မြင်ကွင်းသာခဲ့။
- ❖ မုန်လာ၊ ကင်ပွန်း
ကန်စွန်း၊ ချဉ်ပေါင်၊ ဆယ်ပေါင်ဆယ်မျိုး
အချိုးကျတွက်၊ ဟင်းရွက်ဖုံဖုံ
သီးစုံထွားထွား၊ ပန်းလှများနှင့်
အားထားဖွယ်ရာ၊ စိုက်ခင်းသာတည့်။
- ❖ မြေဆွေးကိုကျွေး၊
ဖျန်းဆေးမပါ၊ နည်းပညာနှင့်
မြေလွှာကိုကြည့်၊ မြင်အသိနှင့်
ပေါင်းညှိကူထောက်၊ မြေတောင်မြှောက်၍
တစ်ယောက်မအား၊ တစ်ယောက်အားနှင့်
ကြိုးစားဖွဲ့ခဲ၊ လုပ်အားမှန်၍
သီးနှံဖွံ့ဖြိုး၊ ဝင်ငွေတိုး၏။
- ❖ ဩော်-တကယ်လုပ်လျှင်...
အဟုတ်ဖြစ်ရိုး၊ မြင်ကွင်းမျိုးတည့်
အားကြိုးမာန်ပါ၊ စေတနာနှင့်
ဝန်တာတစ်ခု၊ ရှေးရှုထမ်းရွက်
ထက်မြက်စူးရှ၊ အတွေးစနှင့်
လောကလူ့ရွာ ဖွေးလှစေ
ဘဝခရီး ထောက်ကူပေ။
တို့အိမ်စိုက်ခင်း သီးနှံဝေ။ ။

ပိုလေးလုံး
သောင်းကိုကို

ဟားကန့်မြို့၌ မိုးသည်းထန်စွာရွာသွန်း
ရပ်ကွက်များအတွင်းရေလွှမ်းသဖြင့် လှေဖြင့်သွားလာနေရ

ဖားကန့် ဇူလိုင် ၁၇

ဖားကန့်မြို့ပေါ်ရှိ ငှက်ပျောတောရပ်ကွက်၊ မြို့မရပ်ကွက်၊ မရှီကထောင်ရပ်ကွက်နှင့် အေးမြဿာယာရပ်ကွက်တို့တွင် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ရေကြီးမှုကြောင့် သုံးဘီးဆိုင်ကယ်များနှင့် လှေများကိုအသုံးပြု၍ သွားလာခဲ့ရသည်။

ဖားကန့်မြို့ရေကြီးမှုသည် ဇူလိုင် ၂ ရက်မှစတင်ကာ အဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပွားကာ ဇူလိုင် ပထမပတ်နှင့် ဒုတိယပတ်ကျော်သည်အထိ ရပ်ကွက်လူနေအိမ်များ ရေနစ်မြုပ်ခဲ့သည်။

ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် ဖူဂျီဓာတ်ပုံဆိုင်ရှေ့မှ ကမ်းနားလမ်းကြိုးတံတားထိပ်အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ဖားကန့်မြို့ရှိ မြို့မရပ်ကွက်တွင် ကျောက်ဝိုင်းလမ်းဆုံ၊ အောင်ကဖီးနှင့် ဆိုနီအအေးဆိုင်ရှေ့ နေရာများတွင် ရေလွှမ်းလျက်ရှိရာ ဖားကန့်မြို့နေရာအနှံ့အပြားတွင် လှေဖြင့်သွားလာနေကြရသည်။ **(အောက်ပုံ)**

ယခင်က ဖားကန့်သည် မိုးများ၍ရေကြီးသော်လည်း ရပ်ကွက်အတွင်းသို့ ရေမဝင်ခဲ့ချေ။ ယခုအခါ ကျောက်တူးကုမ္ပဏီများအနက် အချို့သောကုမ္ပဏီများ၏ စည်းကမ်းမဲ့ မြေစာစွန့်ပစ်မှုကြောင့် မြေစာများမိုးရေနှင့်အတူ မျောပါလာကာ ဥရုချောင်းထဲကျရောက်၍ ချောင်းမျက်နှာပြင်မြင့်တက်လာမှုကြောင့် လူနေအိမ်ရပ်ကွက်များအတွင်း ရေဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများက ပြောဆိုနေကြသည်။

မရှီကထောင်ရပ်ကွက်တွင် သုံးဘီးဆိုင်ကယ်ပေါ်သို့ လူနှင့်ဆိုင်ကယ်များတင်ဆောင်ကာ သုံးဘီးဆိုင်ကယ်ကို ခြောက်ဦး၊ ခုနစ်ဦးခန့်တို့ဖြင့် ဝိုင်းပြီးတွန်းပို့ကြရသည်။ ရေလွှမ်းသည့်နေရာများတွင် သွားလာရာ၌ လူတစ်ဦးနှင့် ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၁၅၀၀နှုန်း ပေးရကြောင်း သိရှိရသည်။ (ဝဇေ)



ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေး ဆရာဝန်များအဖွဲ့က ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက်တွင် အထက(၁) ပညာရတနာခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများအား ဒေါက်တာတင်မောင်ထွေးက အမှာစကားပြောကြားစဉ်။ (၁၀၂)

သွားနှင့်ခံတွင်းဆရာဝန်အသင်း နှစ်လယ်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၏ (၁၇)ကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းခွဲများနှစ်လယ်အစည်းအဝေး၊ ပညာရပ်ဆိုင်ရာဟောပြောပွဲ၊ ခြောက်ဘာသာဂုဏ်ထူးရှင် အသင်းဝင်သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲနှင့် သွားဘက်ဆိုင်ရာဆေးပစ္စည်းကိရိယာများ ပြသရောင်းချပွဲများကို ဇူလိုင် ၂၁ ရက်နှင့် ၂၂ရက်တို့တွင် အမှတ် ၅၈/က သံသုမာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းဘက်စုံခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ မှတ်ပုံတင်ကြေးပေးသွင်းရန်မလိုဘဲ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သွားဘက်ဆိုင်ရာဆရာဝန်အသင်း)

မြန်မာ့အလင်း မှုခင်းသတင်း ၁၇-၇-၂၀၁၂

ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက် နံနက် ၉နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၃)နေ ခွန်နောင်(၃၉)နှစ်၏ နေအိမ်ကို သတင်းအရ သက်သေများနှင့်အတူဝင်ရောက်ရှာဖွေရာ ယင်းအိမ်မှ ဘိန်းအဆီခဲ ၁၆ ဒသမ ၅ ဂရမ်ကိုလည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၅)တွင် မသင်္ကာဖွယ်တွေ့ရှိသူ အိုက်စီ (၂၅)နှစ်ထံမှ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ်ကို လည်းကောင်း ဖမ်းဆီးရမိသည်။

အဆိုပါနေ့ နံနက် ၁၁ နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၈)ရှိ မန်ဆူကားကြီးဝင်းရှေ့၌ မသင်္ကာဖွယ်တွေ့ရှိသူ ခွန်ဇော်လတ် (၂၅)နှစ်၊ သိန်းနီမြို့နယ် ရေပူရွာနေသူကို သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီအတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်ကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် မန်ဆူကားကြီးဝင်းရှေ့ လားရှိုးယာဉ်အသင်းမှ ခရီးသည်တင်ယာဉ်ပေါ်ပါ မစန္ဒာမြင့် (၄၀)နှစ်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေသူ ကိုင်ဆောင်ထားသည့် အိတ်ငယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆ ပြားကိုလည်းကောင်း၊ ညနေ ၅နာရီခွဲတွင် မန်ဆူကားကြီးဝင်း ရတနာယာဉ်အသင်းမှ ခရီးသည်တင်ယာဉ်ပေါ်ပါ စိုင်းစိုးညွန့် (၃၄)နှစ် ရပ်ကွက် (၉) ကျောက်မဲမြို့နယ်နေသူ၏ ဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီတိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၅ ပြား၊ ဘိန်းဖြူ ၀ ဒသမ ၂၈ဂရမ်နှင့် ဘိန်းဆီခဲ ၄၅ ဂရမ်တို့ကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် လားရှိုး အမှတ်(၁) ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားသည်။ (ဝ၇၂)

တာချီလိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိ

တာချီလိတ်မြို့ ရဲတပ်ဖွဲ့စခန်းနယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်မြင့်ထွေးနှင့်အဖွဲ့သည် မှုခင်းကင်း ရက်သတ္တပတ်(Crime Free Week)စီမံချက်အရ ဇူလိုင် ၁၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်တို့နှင့်အတူ ဝမ်ကောင်းရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ကချင်ရွာသွားလမ်း၌ တရုတ်နိုင်ငံထုတ် Anbo အမျိုးအစား ဖြူနက်ရောင်နံပါတ်မပါ ဆိုင်ကယ်ကို မောင်းနှင်စီးနင်းလာသူ တိုးတိုးအောင် (ခ) အငယ်လေးအား မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော ဂျင်းဘောင်းဘီ ယာဘက်အိတ်အတွင်းမှ အဖြူရောင် ပလတ်စတစ်ကပ်ခွာ အိတ်ငယ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၃ ပြား အလေးချိန် ၁ဒသမ၂ ဂရမ်ကို ဖမ်းဆီးမိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာကျော် ရော်ဂျာဖက်ဒါရား နံပါတ်တစ်နေရာ အကြာဆုံးစံချိန်တင်



လန်ဒန် ဇူလိုင် ၁၇

ဂရင်းဆလမ်ဖလား (၁၇) လုံး အထိ ဆွတ်ခူးနိုင်ခဲ့သော ကမ္ဘာကျော်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒါရားသည် အေတီပီကမ္ဘာ့အဆင့် သတ်မှတ်ချက်နံပါတ်တစ် တင်းနစ်ကစားသမားအဖြစ် သီတင်းပတ်အများဆုံး စံချိန်တင်နိုင်ခဲ့ပြီ ဖြစ်သည်။ သူသည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားအဖြစ် သီတင်းပတ်အများဆုံး စံချိန်တင်ထားသော ပီတေးဆမ်ပရက်စ်၏ နံပါတ်တစ်နေရာ ၂၈၆ ပတ်အကြာဆုံးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။ ရော်ဂျာဖက်ဒါရားသည် လွန်ခဲ့သောသီတင်းပတ်က ဝင်ဘယ်ဒန်ဖလားဆွတ်ခူးခဲ့ပြီးနောက် ၂၀၁၀ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာ့နံပါတ်တစ်နေရာ ပြန်လည်ရောက်ရှိလာသည်။ ၎င်းသည် ကမ္ဘာ့နံပါတ်တစ်နေရာကို ၂၈၇ ပတ်မြောက်အဖြစ် အကြာဆုံးစံချိန်တင်လိုက်ပြီဖြစ်သည်။ သူ့အနေဖြင့် ပီတေးဆမ်ပရက်စ်၏ ကမ္ဘာ့နံပါတ်တစ်နေရာ အကြာဆုံးစံချိန်ကို ချိုးနိုင်သည့်အတွက် အလွန်ပင်ဂုဏ်ယူမိကြောင်း၊ ပီတေးဆမ်ပရက်စ်ကို ကလေးဘဝကတည်းက အားကျကြိုးစားခဲ့ကြောင်း ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒါရားက ပြောကြားသည်။ **(အင်တာနက်)**

လန်ဒန်အိုလံပစ်ဘောလုံးပြိုင်ပွဲ ဘရာဇီးအသင်းတွင် နာမည်ကြီးကစားသမားသုံးဦး ပါဝင်ကစားမည်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၇

လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ကမ္ဘာကျော်တိုက်စစ်မှူး သုံးဦးပါဝင်ကစားလိမ့်မည်ဖြစ်ကြောင်း ဘရာဇီးအသင်းနည်းပြ မာနိုမန်နီဇက်က ပြောကြားသည်။

လေ့ကျင့်မှုများပြုလုပ်

အဆိုပါတိုက်စစ်မှူးသုံးဦးမှာ နေမာ၊ ဟွတ်ခ်၊ လန်ဒရိုဒါမီယာယိုတို့ဖြစ်ကြသည်။ ယင်းတို့သုံးဦးသည် လာမည့် ဇူလိုင် ၂၀ ရက်တွင် ဘရာဇီးနှင့် ဗြိတိန်တို့ ခြေစမ်းပွဲ၌ စတင်ပါဝင်ကစားကြမည်ဖြစ်သည်။ သည့်အတွက် ဘရာဇီးအသင်းနှင့်အတူ ပါဝင်ကစားရန် ရီယိုဒီဂျနေးရိုးမြို့၌ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

ဘရာဇီးအသင်းသည် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းအစားဆုံးအသင်းတစ်သင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်



ပေါ်တိုတိုက်စစ်မှူး ဟွတ်ခ်၏ ကစားဟန်ကို တွေ့ရစဉ်။

● *ပြည်သူ့လွှတ်တော်မှ*

(၃)လပတ်တစ်ကြိမ်အတွက် လက်ရှိ ခွင့်ပြုထားသည့် တစ်ယူနစ်(၂၅) ကျပ်နှုန်းဖြင့် ခွဲဝေပေးလျက်ရှိပါကြောင်း၊ ပြင်ဆင် သတ်မှတ်သည့် တစ်ယူနစ်(၃၅)ကျပ်နှုန်းအတွက် ကွာခြားငွေ(၁၀)ကျပ် နှုန်းကိုလည်း ဖြည့်စွက်ရန်ပုံငွေအနေဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ တင်ပြတောင်းခံထားဆဲ ဖြစ်ပါကြောင်း။

မော်တော်ယာဉ်စက်သုံးဆီနှုန်းထားအနေဖြင့် ရဲတပ်ဖွဲ့ပိုင်ယာဉ်များအတွက် စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ခွဲဝေရရှိသည့် စက်သုံးဆီနှုန်းထားအတိုင်း ကျသင့်ငွေအား အစိုးရစက်သုံးဆီဆိုင်များသို့ ချက်လက်မှတ်ဖြင့် ပေးသွင်း၍ (၃)လပတ်တစ်ကြိမ် ခွဲဝေထုတ်ပေးလျက်ရှိပါကြောင်း၊ ရဲစခန်းများ၏ အခြားအထွေထွေကုန်ကျစရိတ်တင်ပြတောင်းခံမှုများအတွက် စစ်ဆေးစိစစ်ပြီး လိုအပ်ချက်များအပေါ် တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် ပြည်ထောင်စုဝန်ကြီးရုံးတို့က စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဥပဒေစည်းနှောင်မှုရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေကို ဇူလိုင် ၆ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရန်အတွက်လည်း ယင်းနေ့တွင်ပင် လွှတ်တော်ရုံးသို့ ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေပါ ချီးမြှင့်ထောက်ပံ့ငွေဖြင့် ရုံးသုံးစရိတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဘတ်ဂျက်တွင် ထည့်သွင်းတောင်းခံရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါဥပဒေနှင့် နည်းဥပဒေများအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများအား သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ချီးမြှင့်ထောက်ပံ့ငွေနှင့် ရုံးသုံးစရိတ်ကိစ္စရပ်များဆိုင်ရာ ဘဏ္ဍာရေးအတည်ပြုချက် ရရှိသည်နှင့်တစ်ဆက်တည်းတွင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရွေးချယ်တာဝန်ပေးအပ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်သို့အသိပေးခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော **သွင်းကုန်ပို့ကုန်ဥပဒေကြမ်း**ကို ဇူလိုင် ၁၃ ရက်တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာကြောင်း၊ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ပေးပို့ရန်ဖြစ်ကြောင်းဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့အသိပေးဆောင်ရွက်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **အရေးပေါ်စီမံမှုဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကို လက်ခံဆွေးနွေးရန်** အဆိုနှင့် **မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ရုပ်သိမ်းသည့်ဥပဒေကို လက်ခံဆွေးနွေးရန်** အဆိုတို့ကိုတင်သွင်းရာ ပထမအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဆိုရှင်၏ တင်ပြချက်အရ လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်လျော်ပါကြောင်းနှင့် ဒုတိယအဆိုနှင့်စပ်လျဉ်း၍ အချို့အသင်းအဖွဲ့များအနေဖြင့် မှတ်ပုံတင်ခြင်းမရှိဘဲ ဖွဲ့စည်းမှုများရှိနေပြီး လက်ရှိအခြေအနေအရ ဥပဒေပါအကြောင်းအရာများသည်လည်း ကိုက်ညီမှုရှိနေသေးသဖြင့် လက်ခံဆွေးနွေးရန်မသင့်ပါကြောင်းဖြင့် တင်ပြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဧည့်သည်အဖွဲ့များတွေ့ဆုံ

လွှတ်တော်လုပ်ငန်းများနှင့် အတွေ့အကြုံများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၇

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အခြေစိုက် National Democratic Institute(NDI)မှ Director, Mr.Kenneth Scott Hubli နှင့် USAID မှ Director, Mr. Myer တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)** ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်၏အခန်းကဏ္ဍ၊ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းမြှင့်တင်ရေး အစီအစဉ်များ၊ သုတေသနလုပ်ငန်းများကို ဆွေးနွေးကြပြီး လွှတ်တော်လုပ်ငန်းများနှင့်အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ လွှတ်တော်ကော်မတီအတွင်းရေးမှူးများ၊ ကော်မတီနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယအဆိုနှင့်စပ်လျဉ်း၍ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ရုပ်သိမ်းပေးရန်ဆိုသည်ထက် မည်သို့ကာကွယ်မှုပေးနိုင်မည်၊ မည်သို့ပြင်ဆင်သင့်သည်တို့ကိုသာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသင့်ပါကြောင်းဖြင့် တင်ပြပြီး အဆိုရှင်က နိုင်ငံရေးအပြောင်းအလဲကို အထောက်အပံ့ပေးနိုင်မည်ဟု ယူဆပါသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကိုသာ နာခံမည်ဖြစ်ပါကြောင်းဖြင့်တင်ပြရာ လွှတ်တော်က အဆိုအား **မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ-၁၄)ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်အတွက် လွှတ်တော်ကလက်ခံဆွေးနွေးရန်**ဟု ပြင်ဆင်အတည်ပြုဆောင်ရွက်သည်။

ယင်းအဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုများမြင့်တက် ငွေဒဏ်၊ ထောင်ဒဏ်များ ချမှတ်အရေးယူ

မန္တလေး ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး ခုနစ်မြို့နယ်အတွင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ယာဉ်တိုက်မှု ၂၅၄ မှု ဖြစ်ပွားခဲ့ပြီး ၇၇ ဦး သေဆုံးခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စာရင်းများအရ ချမ်းအေးသာစံမြို့နယ်တွင် ယာဉ်တိုက်မှု ၃၆ မှုတွင် ဒဏ်ရာရသူ ၃၄ ဦး၊ သေဆုံးသူကိုးဦး၊ အောင်မြေသာစံမြို့နယ်တွင် ယာဉ်တိုက်မှု ၃၄ မှုတွင် ဒဏ်ရာရသူ ၄၅ ဦး၊ သေဆုံးသူ ခြောက်ဦး၊ မဟာအောင်မြေမြို့နယ်တွင် ယာဉ်တိုက်မှု ၃၆ မှုတွင် ဒဏ်ရာရသူ ၃၆ ဦး၊ သေဆုံးသူ ၁၂ ဦး၊ ချမ်းမြသာစည်မြို့နယ်တွင် ယာဉ်တိုက်မှု ၃၈ မှုတွင် ဒဏ်ရာရသူ ၅၅ ဦး၊ သေဆုံးသူကိုးဦး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ယာဉ်တိုက်မှု ၃၃ မှုတွင် ဒဏ်ရာရသူ ၂၉ ဦး၊ သေဆုံးသူ ၁၀ ဦး၊ ပုသိမ်ကြီးမြို့နယ်တွင် ယာဉ်တိုက်မှု ၄၃ မှုတွင် ဒဏ်ရာရသူ ၈၀၊ သေဆုံးသူ ၁၄ ဦး၊ အမရပူရမြို့နယ်တွင် ယာဉ်တိုက်မှု ၃၄ မှုတွင် ဒဏ်ရာရသူ ၅၁ ဦး၊ သေဆုံးသူ ၁၇ ဦး ရှိခဲ့သည်။

ယာဉ်တိုက်မှုဖြစ်စဉ်များတွင် ဆိုင်ကယ်စီးခြင်းမှဖြစ်ပွားမှု အများဆုံးဖြစ်ပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်းကြောင့် ဦးနှောက်ထိခိုက်ဒဏ်ရာရရှိခြင်း၊ အရှိန်ပြင်းစွာ မဆင်မခြင်မောင်းနှင်ခြင်း၊ နှစ်ဦးထက်ပိုမိုစီးခြင်းကြောင့် ထိခိုက်မှုများပြားကြောင်း တွေ့ရှိရသည်။ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ထိခိုက်မှုလျော့နည်းစေရေးအတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်နှင့် လိုက်နာမှုမရှိဘဲ ဖောက်ဖျက်ကျူးလွန်ပါက စည်ပင်သာယာဥပဒေဖြင့် အနည်းဆုံးဒဏ်ငွေ ကျပ်တစ်သောင်း၊ အများဆုံးဒဏ်ငွေ ကျပ်သုံးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ်သုံးလဖြစ်စေ(သို့မဟုတ်) ဒဏ်ငွေနှစ်ရပ်စလုံးဖြစ်စေ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးထားကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မော်လူး၌ မိုးခေါင်၍ လယ်သမားများအခက်ကြုံ

မော်လူး ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု မော်လူးစံပြကျေးရွာတွင် လယ်ဧက ၄၀၀၀ ကျော်ရှိသည်။ ဧက ၅၀၀ တွင် ဆည်ရေသောက်ဖြင့် စပါးစိုက်ပျိုးနိုင်ပြီး ဧက ၃၅၀၀ ကျော်မှာ မိုးရေခံလယ်များဖြစ်သည်။ မိုးခေါင်၍ ရေမရရှိခြင်းကြောင့် လယ်သမားများ ရေစုပ်စက်ဖြင့် ရေတင်၍စိုက်ပျိုးနေရပြီး **(ဝဲပုံ)** တချို့လယ်ကွက်များတွင် ရေမရှိ၍ ထွန်ယက်နိုင်ခြင်း မရှိသေးကြောင်းသိရသည်။ လယ်သမားများရေမရှိ၍ စက်ဖြင့်ရေတင်ကုန်ကျစရိတ်မှာ ဆီစိုက် ၁ နာရီ ကျပ် ၁၀၀၀၊ ဆီမစိုက်က ၁ နာရီ ကျပ် ၃၀၀၀ ပေးရပြီး တစ်ရက်အတွက် ဆီ ၄ ဂါလန်ဖြစ်ကာ ကျပ်နှစ်သောင်း ကုန်ကျစရိတ်ရှိကြောင်းကို ဇူလိုင် ၁၆ ရက်က အုန်းဒုတ်ရွာမှ လယ်သမားဦးမြင့်ဆွေနှင့် တွေ့ဆုံစဉ် ၄င်းက ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

မှုခင်းသတင်း

ခရီးသည်တင်ယာဉ်(၉၉)အဖြူ လမ်းဘေးမြောင်းထဲရေဆင်းသောက်

ရွှေပြည်သာ ဇူလိုင် ၁၇

ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၅၀ က ရွှေပြည်သာမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ရေချမ်းစင်နှင့်ဂိတ်ပေါင်းမှတ်တိုင်ကြား ဘုရင့်နောင်လမ်းမကြီးဘေးရှိ ရေမြောင်းထဲသို့ ခရီးသည်တင်ယာဉ်(၉၉)အဖြူ ဒိုင်နာ ၁၀ ပေယာဉ် ထိုးကျတိမ်းမှောက်ခဲ့သည်။

*ဖြစ်ပွားပုံမှာ အဆိုပါနေ့တွင် လှော်ကားတာဆုံမှ ဘုရင့်နောင်စျေးသို့ မြောက်မှတောင်အတိုင်း ထွက်ခွာသွားသော ယာဉ်မောင်းဦးသန်းလှိုင် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်(၉၉)အဖြူ ၂က/---ဒိုင်နာ ၁၀ ပေ ယာဉ်သည် ရေချမ်းစင်နှင့် ဂိတ်ပေါင်းမှတ်တိုင်ကြား ဘုရင့်နောင်လမ်းမပေါ် ဝသန်မိုးမင်္ဂလာခန်းမရှေ့သို့ အရောက်တွင် စက်ဘီးတစ်စီးကို အရှိန်ဖြင့် ကျော်တက်ခဲ့ရာမှ ပွတ်တိုက်ချိတ်မိပြီး စက်ဘီးစီးသူမှာ လွင့်စဉ်သွားကာ စက်ဘီးမှာကားအောက်သို့ရောက်ရှိပြီး ကြိတ်မိလျက် ကားမှာအရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ **(အောက်ပုံ)***

အခင်းဖြစ်ပွားမှုအချိန်အတွင်းမှာပင် ယာဉ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ယာဉ်ပေါ်မှခရီးသည်အချို့ ထိခိုက်ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့သည်။ စက်ဘီးစီးလာသူ (၁၄)ရပ်ကွက် ရွှေပြည်သာနေ ဦးဝင်းခိုင်မှာ လွင့်စဉ်ကျမှုကြောင့် ကိုယ်ခန္ဓာ ဝဲဘက်တစ်လျှောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရွှေပြည်သာဆေးရုံတွင် ကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ ***(၁၆၆)***

သတိပြုဆင်ခြင်ဖွယ် ယာဉ်အန္တရာယ်

ရန်ကုန် ဇူလိုင် ၁၇

ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းမကြီး ယုဇနပလာဇာရှေ့မှာ မြောက်မှတောင်သို့ ပြိုင်တူမောင်းနှင်လာကြတဲ့ ယာဉ်နှစ်စီး ပွတ်တိုက်မှုဖြစ်ပွားခဲ့ပါတယ်။ အဆိုပါ ဖြစ်စဉ်မှာ ယာဉ်လိုင်း ၂၃၄ လိုင်းက ရွှေဧည့်သည် ဟီးနိုးဘတ်စ်ကား ၇ခ/---နဲ့ အမှိုက်သိမ်းယာဉ် ၉၅/----တို့ ပွတ်တိုက်မိခဲ့ကြခြင်း ဖြစ်ပါတယ်။ **(အပေါ်ပုံ)** ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာတော့ မသိပါဘူး။ တာဝန်ကျယာဉ်ထိန်းရဲရောက်လာပြီး သူ့ကင်မရာလေးနဲ့ မှတ်တမ်းတင်နေတာကို တွေ့ရပါတယ်။ သည်ဖြစ်စဉ်ကို သတိပြုဆင်ခြင်စရာ လျှပ်တစ်ပြက်မြင်ကွင်းအဖြစ် ဓာတ်ပုံရိုက်ကူး ရေးသားတင်ပြလိုက်ပါတယ်။ ဒဏ်ရာအနာတရဖြစ်သူ တစ်ဦးမှမရှိဘူးလို့ သိရပါတယ်။ **(၀၂၇)**

(၇၂)ကြိမ်မြောက် သွေးလှူ

နေပြည်တော် ဇူလိုင် ၁၇

ဇူလိုင် ၉ ရက်တွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနော်ရထာရပ်ကွက်နေ ဦးစိုးလင်း **(အပေါ်ပုံ)**သည် (၇၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သွေးသည်အသက်

❍ *ကျောဖုံးမှ*

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေရန်အတွက်လည်း ဇူလိုင် ၆ ရက်တွင် လွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း။

နည်းဥပဒေများထုတ်ပြန်ရာတွင် ကြန့်ကြာသည်ဟု မေးမြန်းမှုအပေါ် အနည်းငယ်ရှင်းလင်း ဖြေကြားလိုပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ပုဒ်မခွဲ (က)တွင် "ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်"ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ယင်းသို့အပ်နှင်းခံရသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအနေဖြင့်လည်း မိမိကိုယ်တိုင် ကိုင်တွယ်ကျင့်သုံးရမည့် ဥပဒေတစ်ရပ်ကို အမှန်တကယ် ရေရှည်တည်တံ့စေရန်နှင့်မကြာခဏ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ရခြင်းများမဖြစ်စေရန် ဥပဒေပညာရှင်များဖြင့် အကြိမ်ကြိမ် တည်းဖြတ်ရေးဆွဲပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးနည်းဥပဒေနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ အခန်း(၁၂)ပါ ချီးမြှင့်ထောက်ပံ့ငွေနှင့် အခန်း(၁၃)ပါ ရုံးသုံးစရိတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ ဇွန် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဘတ်ဂျက်တွင် ထည့်သွင်းတောင်းခံသွားရန် လမ်းညွှန်သည့်အတွက် ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၂ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၁၂) တွင် တင်ပြထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေရေးဆွဲခဲ့ရာတွင်လည်း အခြေအနေအရပ်ရပ်ကို လေ့လာဆန်းစစ်ကာ အဆိုပါနည်းဥပဒေကို အပြန်ပြန်အလှန်လှန် စိစစ်သုံးသပ် ပြုစုရေးဆွဲထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင်လည်း မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးနေမျိုးဝေက ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခွင့် တင်ပြခဲ့သည့်အတွက် သက်ဆိုင်ရာ မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှူးက ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အလားတူ အခြားမြို့နယ်အသီးသီးမှ လျှောက်ထားလာမှုများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိနေပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများအရ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိပါကြောင်းနှင့် ချီးမြှင့်ထောက်ပံ့ငွေနှင့် ရုံးသုံးစရိတ်ကိစ္စရပ်များဆိုင်ရာ ဘဏ္ဍာရေးအတည်ပြုချက်များ ရရှိသည်နှင့် တစ်ဆက်တည်းမှာပင် နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ရွေးချယ်တာဝန်ပေးအပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ဒေါက်တာမြတ်ဉာဏစိုး၏ **"ပြည်တွင်းစက်သုံးဆီဈေး ကမ္ဘာ့ဈေးထက်များစွာ မြင့်တက်နေခြင်းအတွက် စက်သုံးဆီအရောင်းဆိုင်များတွင် နိုင်ငံတကာဈေးနှုန်းထက် ဈေးနှုန်းကွာဟချက်ကြီးမားနေသည့်အပေါ် အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် **"စွမ်းအင်ကဏ္ဍတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တစ်ခုချင်းစီအလိုက် ရင်းနှီးမြှုပ်နှံခွင့်ပြုထားသည့် ကာလအပိုင်းအခြားနှင့် နှစ်အလိုက်ရရှိသည့် ဝင်ငွေအကျိုးအမြတ်တို့ကို ပြည်သူတို့အား တိကျစွာ ထုတ်ပြန်အသိပေးရန် အစီအစဉ် ရှိ/မရှိ"** တို့နှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြန်လည်ဖြေကြားရာတွင်-

ပထမမေးခွန်းနှင့်စပ်လျဉ်း၍ ပုဂ္ဂလိက စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခဲ့ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများအတွက် တရားဝင်ကျသင့်သော အခွန်အခ ပေးဆောင်စေပြီး ထိုက်သင့်သော အမြတ်အစွန်းရယူကာ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ပါကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်သည့်နည်းလမ်း မှန်ကန်မှုမရှိပါက နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်အပိုင်းများတွင် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဈေးနှုန်းများ အလွန်အကျွံ မတက်အောင် အခွန်အကောက်ဖြင့် ထိန်းချုပ်သွားမည်ဖြစ်ပြီး လုပ်ငန်းရှင်များမှ လက်လီရောင်းဈေးနှုန်း မတန်တဆဈေးတင်ရောင်းသဖြင့် မလိုလားအပ်သောအခြေအနေများ ဖြစ်ပေါ်လာဖွယ်ရှိပါကလည်း ပြည်တွင်းအခွန်များဦးစီးဌာန၊ သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့်ပူးပေါင်း၍ ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ထည့်သွင်းဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှရောင်းချသည့် စက်သုံးဆီဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်လျက်ရှိရာ ပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့မှ ရောင်းချနေသည့် ဈေးနှုန်းများသည် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းထက်ပို၍ သတ်မှတ်ရောင်းချနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ၁-၃-၂၀၁၁ ရက်၊ ၁-၇-၂၀၁၁ ရက်နှင့် ၆-၄-၂၀၁၂ ရက်များတွင် စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံးကို မတော်လောဘဖြင့် စက်သုံးဆီများ အမြတ်အစွန်းများစွာတင်ပြီး ဈေးနှုန်းသတ်မှတ်၍ရောင်းချခြင်းမပြုရန်နှင့် အနည်းဆုံးရရှိသင့်သည့် အမြတ်ကိုသာ တင်ပြီး သင့်တင့်သောဈေးနှုန်းဖြင့်သာ သတ်မှတ်ရောင်းချပါရန် သတိပေးမေတ္တာရပ်ခံခဲ့ပါကြောင်း။

နေ့စဉ်ဖြစ်ပေါ်ခဲ့သည့် Mean of Platt's Singapore (MOPS) ဈေးနှုန်း၊ ရန်ကုန်မြို့ရှိ ပုဂ္ဂလိကအရောင်းဆိုင်များနှင့် အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများအား တစ်လပျမ်းမျှယူ၍ ၂၀၁၁ ခုနှစ် ဧပြီမှ ၂၀၁၂ ခုနှစ် ဇွန်အထိ နှိုင်းယှဉ်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက ရန်ကုန်မြို့ရှိ ပုဂ္ဂလိကအရောင်းဆိုင်များ၏ ရောင်းဈေးနှုန်းများသည် MOPS ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြောင်းလဲမှုရှိနေပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါကလည်း နိုင်ငံအများစု၏ ရောင်းဈေးနှုန်းများထက်သက်သာကြောင်းကို တွေ့ရှိရပါကြောင်း၊ တစ်ခါတစ်ရံ စက်သုံးဆီဝယ်ယူတင်သွင်းခဲ့စဉ်က ဝယ်ဈေးအရသတ်မှတ်ခဲ့သည့် ရောင်းဈေးနှုန်းကို ပြောင်းလဲခြင်းမရှိဘဲ ၎င်းစက်သုံးဆီများကို ကုန်သည်အထိ ဆက်လက်သတ်မှတ်ရောင်းချနေကြကြောင်းကိုလည်း စိစစ်တွေ့ရှိရပါကြောင်း။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသည့် စက်သုံးဆီရောင်းဈေးနှုန်းများသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သက်သာမှုရှိသည်ကို တွေ့ရှိရသော်လည်း နေ့စဉ် MOPS ပေါက်ဈေးနှုန်းအရ ခန့်မှန်းရောင်းဈေးနှုန်းကို တွက်ချက်မည်ဆိုပါက ဖြစ်သင့်ဖြစ်ထိုက်သည့် ရောင်းဈေးနှုန်းထက် ပိုများနေသည်ကို တွေ့ရှိနေရသေးကြောင်း၊ နေ့စဉ်ထုတ်ပြည်တွင်းသတင်းစာများတွင် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာမှစ၍ မကြာခဏရေးသားထည့်သွင်းဖော်ပြခဲ့ပြီး PublicAwareness ဖြစ်အောင် ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ပြန်လည်ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် ပြည်တွင်းထုတ်ဓာတ်ဆီနှင့် ပတ်သက်၍လည်း ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ သတ်မှတ်ရောင်းချသည့် ရောင်းဈေးနှုန်းများအား အခွန်အကောက်ဖြင့် ထိန်းချုပ်သွားနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးချင်းစီသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖြန့်ဖြူးရောင်းချပေးခဲ့သည့် ဂါလန်ပမာဏနှင့် ရောင်းချပေးခဲ့သည့် တစ်ဂါလန်ရောင်းဈေးနှုန်း၊ ဖြန့်ဖြူးထုတ်ပေးသည့် သိုလှောင်ဖြန့်ဖြူးရေးဌာနအလိုက် ကောက်ခံခဲ့သော သယ်ယူပို့ဆောင်ခတစ်ဂါလန်နှုန်းထားများ စသည့် အသေးစိတ်စာရင်းများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ရုံးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်းတို့သို့ လစဉ်ပြုစုပေးပို့လျက်ရှိပါကြောင်း။

စက်သုံးဆီဖြန့်ဖြူးရောင်းချမှု ကုန်ကျစရိတ်များကို အတတ်နိုင်ဆုံးလျှော့ချသွားနိုင်ရေးနှင့် အနည်းဆုံးရသင့်သည့် အမြတ်ဖြင့် ပြန်လည်ဆန်းစစ်တွက်ချက် ပြင်ဆင်လျှော့ချသတ်မှတ်၍ သင့်တော်သောဈေးနှုန်းဖြင့်သာ ရောင်းချသွားနိုင်ရေးကို စီမံဆောင်ရွက်ပေးရန် စွမ်းအင်ဝန်ကြီးဌာနက မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းသို့ မေတ္တာရပ်ခံတိုက်တွန်းခဲ့ရာ အဆိုပါ အသင်းအနေဖြင့်လည်း စက်သုံးဆီရောင်းဈေးနှုန်းများကို အတတ်နိုင်ဆုံးလျှော့ချကန့်သတ် သတ်မှတ်ရောင်းချနိုင်ရေး စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား စည်းရုံးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်ပူးပေါင်း ဆောင်ရွက်နိုင်သည့် ကုန်းပိုင်းလုပ်ကွက်များကို လုပ်ကွက်အမျိုးအစားများသတ်မှတ်၍ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract-PSC)၊ တိုးတက်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(Improved Petroleum Recovery-IPR)၊ လုပ်ငန်းဆောင်ရွက်မှုအပေါ် တန်ကြေးပေးကတိစာချုပ် (Performance Compensation Contract- PCC)၊ ပြုပြင်ပြောင်းလဲထားသော လုပ်ငန်းဆောင်ရွက်မှုအပေါ် လျော်ကြေးပေးကတိစာချုပ် (Modified Performance Compensation Contract- MPCC)များ ချုပ်ဆိုပြီး ရေနံရှာဖွေရေးလုပ်ငန်းနှင့် ရေနံအထွက်တိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း၊ ကမ်းလွန်လုပ်ကွက်များကို PSC စာချုပ်တစ်မျိုးတည်းဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အစိုးရတာဝန်ယူသည့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်အတွင်း သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိခဲ့သော ရတနာစီမံကိန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ(၁၆၂၈ ဒသမ ၉၉၀) သန်းရရှိခဲ့ပြီး မြန်မာဘက်ဝင်ငွေသည် အမေရိကန်ဒေါ်လာ(၁၂၄၆ ဒသမ ၄၄၃) သန်းဖြစ်ပါကြောင်း၊ ထို့အတူ ရဲတံခွန်စီမံကိန်းမှရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၁၉၈၂ ဒသမ ၁၅၀)သန်းဖြစ်ပြီး မြန်မာဘက်ဝင်ငွေသည် အမေရိကန်ဒေါ်လာ (၁၃၁၁ ဒသမ ၈၈၃)သန်းရရှိခဲ့ပါကြောင်း၊ ယင်းအနက် လုပ်ငန်းအသုံးစရိတ်အဖြစ် ရတနာစီမံကိန်းတွင် အမေရိကန်ဒေါ်လာ (၄၆ ဒသမ ၀၇၃)သန်း၊ ရဲတံခွန်စီမံကိန်းတွင် အမေရိကန်ဒေါ်လာ (၇၂ ဒသမ ၂၂၈)သန်းတို့ကို နုတ်ပယ်၍ ကျန်ဝင်ငွေအားလုံးကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ အပ်နှံခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် အများအပြားထွက်ရှိသည့် သဘာဝဓာတ်ငွေ့ရောင်းရငွေများဖြင့် ဓာတ်ဆီအပါအဝင် ရေနံထွက်ပစ္စည်းအားလုံးနီးပါးကို ပြည်ပမှဝယ်ယူတင်သွင်းရပြီး ကျန်ငွေများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ပေးသွင်းရပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ ရငွေ၊ သုံးငွေအားလုံးကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှလည်း လွှတ်တော်အသီးသီးသို့ ရှင်းလင်းတင်ပြလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **"သံဖြူဇရပ်မြို့နယ်၊ ဖောင်စိန်ကျေးရွာကို မြို့ပေါ်ရပ်ကွက်အဖြစ် ပြောင်းလဲပေးနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနပိုင်ရော်ဘာပင်များခုတ်လှဲရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က သံဖြူဇရပ်မြို့အဝင်ရှိ စက်မှုဝန်ကြီးဌာနပိုင် သံဖြူဇရပ်ရော်ဘာခြံစိုက်ကွက်အမှတ်(၃)၏ မြေဧရိယာ(၂၉၆)ဧကတွင် စိုက်ပျိုးထားသော ရော်ဘာပင်များ၏သက်တမ်းသည် (၂၃)နှစ်မှ (၂၅)နှစ်အတွင်းရှိ အပင်များဖြစ်ပြီး လက်ရှိအခြေအနေတွင် ရော်ဘာစေးအထွက်နှုန်းကောင်းမွန်သည့် အပင်များဖြစ်ပါကြောင်း။

အဆိုပါ စိုက်ကွက်အတွင်းရှိ ခုတ်လှဲပေးရန် အဆိုပြုလာသော မြေဧရိယာဧက (၄၀)တွင် ရော်ဘာပင် (၇၂၀၀)စိုက်ပျိုးထားပြီး ကာလပေါက်ဈေးအရ ငွေကျပ်(၃၀၈) သန်း တန်ဖိုးရှိသည်ဟု သိရှိရပါကြောင်း၊ အဆိုပါရော်ဘာပင် (၇၂၀၀)မှ နှစ်စဉ် ရော်ဘာပေါင် (၁၀၀၀၀)ခန့်ထွက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ဝင်ငွေကျပ် (၁၂) သန်းရရှိလျက်ရှိပါကြောင်း။

မြို့ပြအင်္ဂါရပ်နှင့်အညီ ဖောင်စိန်ကျေးရွာကို သံဖြူဇရပ်မြို့ပေါ်ရပ်ကွက်အဖြစ် ပြောင်းလဲပေးရေးကိစ္စသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်သာ ဖြစ်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှဦးအေး၏ **"မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် စဥ့်ကူကျေးရွာအုပ်စုရှိ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် **"မြင်းကပါကျေးရွာရှိ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** တို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ဝန်ကြီးဌာနအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်း ပိုမိုရရှိရေးအတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းအသစ်ဖွင့်ခြင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ (၄)နှစ်တာကာလအတွင်း စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ညောင်ဦးမြို့နယ် စဥ့်ကူကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းဆင့်ကျောင်းသား (၃၄၁)ဦးရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်လည်း အလယ်တန်းဆင့်ကျောင်းသား(၃၄၀)ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၅ မိနစ်တွင်ရပ်နားလိုက်ပြီး (၁၁) ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေး၌ ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် သဘာဝရေဘေးအန္တရာယ်သင့်မှုအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ရန် သဘောတူကြောင်း ကြေညာခြင်း၊ မေးခွန်း(၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

▲ *ရှေ့ဖုံးမှ*

တစ်ဦးပါရှိစေရန်၊ ယာဉ်မောင်းစဉ် အရက်သေစာ သောက်စားထားခြင်း၊ ရပ်နားစဉ် စားသောက်ဆိုင်များ၌ သောက်ခြင်း မပြုရန်၊ နေရောင်ထိုးမှု ကာကွယ်သော နေရောင်ကာများ ယာဉ်ရှေ့မှန်သားပြင်တွင် ကပ်ထားရန်၊ ကားရှေ့ ဒက်ရှ်ဘုတ်ပေါ်ရှိ မော်နီတာတီဗွီအား ဖြုတ်သိမ်းထားရန်၊ ယာဉ်ပေါ်တွင် ခရီးသည်၏ တစ်နိုင်တစ်ပိုင်ပစ္စည်းများသာ တင်ဆောင်ရန်၊ နေ့/ည ကားများ နေပြည်တော် တိုးလ်ဂိတ်တွင် ယာဉ်မောင်းလဲလှယ်မောင်းနှင်ရန်၊ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် နံနက် ၃ နာရီမှ ၅ နာရီအတွင်း အဖြစ်များ၍ ယာဉ်မောင်း အိပ်ငိုက်ပြေစေရန်နှင့် ခရီးသည်ကျန်းမာရေးအတွက် ယာဉ်ကို လမ်းဘေးခေတ္တရပ်နားရန်တို့ ဖြစ်သည်။

အမြန်လမ်းမကြီးပေါ် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ထိခိုက်မှုလျော့နည်းစေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကညန၊ အမြန်လမ်းရဲတပ်ဖွဲ့စခန်း၊ ဒေသအာဏာပိုင်အဖွဲ့၊ အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အမြန်နှုန်းကန့်သတ်ချက်၊ အရက်သေစာ သောက်စားမှု ရှိ/မရှိ၊ ယာဉ်မောင်းလိုင်စင်၊ ကုန်တင်ဆောင်ခြင်း ရှိ/မရှိ တို့ကို ရှောင်တခင် စစ်ဆေး၍ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရွှေတိဂုံစေတီတော်ဓာတ်လှေကားနှင့် စက်လှေကားများ တိုးချဲ့တပ်ဆင်မည်

သတင်းနှင့်ဓာတ်ပုံ
သက်ထက်ကို(ဘော်ဂါမြေ)

ရန်ကုန် ဇူလိုင် ၁၇

ရွှေတိဂုံ စေတီတော်ကြီး၏ တောင်ဘက်မုခ် ဓာတ်လှေကားများကို တိုးချဲ့တပ်ဆင်ထားသွားမည် ဖြစ်သကဲ့သို့အနောက်ဘက်မုခ်ရှိ စက်လှေကားများကိုလည်း အသစ်ပြန်လည်တပ်ဆင်သွားမည် ဖြစ်ကြောင်း မီဒီယာများနှင့် တွေ့ဆုံပွဲတွင် စေတီတော်ဂေါပကရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ပြောကြားခဲ့သည်။

တောင်ဘက်မုခ် ဓာတ်လှေကားမှာ အပေါ်တက်သွားစဉ် ဘေးမြင်ကွင်း ကောင်းသည့် အတွက် နိုင်ငံခြား ဧည့်သည်များအနေဖြင့် ထိုဓာတ်လှေကားမှပင် အတက် များလျက်ရှိသည်။

နိုင်ငံခြား ဧည့်သည်များ အတက်များသည့် တောင်ဘက်မုခ် ဓာတ်လှေကား။

ယခု အခါ အိမ်သာ၍ ဧည့်အလာများသည်ဖြစ်ရာ လက်ရှိ ဓာတ်လှေကား နှစ်စင်းနှင့် မလုံလောက်တော့သည် အတွက် နောက်ထပ်ဓာတ်လှေကား အသစ်နှစ်စင်း တိုးချဲ့တပ်ဆင်ရခြင်း ဖြစ်ကြောင်း တာဝန်ရှိသူက ရှင်းပြခဲ့သည်။

၎င်း ဓာတ်လှေကားနှစ်စင်းကို အများပြည်သူများ လှူဒါန်းထားသည့် ငွေများဖြင့် တပ်ဆင်သွားမည်ဖြစ်ပြီး ဓာတ်လှေကားတစ်စင်းလျှင် ဧည့်သည် ၂၄ ဦးအထိ စီးနင်းနိုင်မည့်အပြင် တည်ဆောက်ရေးအတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် မတ်လမှစ၍ ပိတ်ထားခဲ့ရသော အနောက်ဘက်မုခ်ရှိ စက်လှေကား ခြောက်စင်းကိုလည်း အသစ်ပြန်လည် တပ်ဆင်သွားဦးမည်ဟု ပြောကြားခဲ့သည်။

စက်လှေကားဟောင်းမှာ လိုက်ပါစီးနင်းသည့် ဘုရားဖူးဧည့်သည်များ စက်ညှပ်ပြီး ထိခိုက်မှုများရှိလာသည့်အတွက် ခေတ္တပိတ်ထားခဲ့ရပြီး ယခုလာမည့် ဩဂုတ်လတွင် S.P.A ကုမ္ပဏီမှ တာဝန်ယူတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၀ ခုနှစ်ကတည်းက တပ်ဆင်ခဲ့သောစက်လှေကားများ ဖြစ်ပြီး ယခုအခါနှစ်ပေါင်း၂၀ကျော်သက်တမ်းရှိလာပြီဖြစ်ကြောင်း သိရှိရသည်။

လပွတ္တာမြို့နယ်၌ ကျောင်းဝတ်စုံပေးအပ်

လပွတ္တာ ဇူလိုင် ၁၇

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဌေးက ကျောင်းဝတ်စုံထောက်ပံ့ရခြင်း၏အကြောင်းကို ရှင်းလင်းပြောကြားပြီး ပုံကျဈေးသည်များ၏ သားသမီး ကျောင်းသား ကျောင်းသူများအား တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်က ကျောင်းဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် ညောင်ပင်လမ်း (၄၈) ကားလေးဝင်းတွင် ရေစီးရေလာကောင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဇူလိုင် ၁၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်စိုး၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးဦးလှထွေးနှင့်အဖွဲ့၊ ဒေသခံပြည်သူများက ရေမြောင်းများ တူးဖော်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

18-7 (07).pmd 1 7/18/2012, 1:58 AM

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Joseph Y. Yun သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေါင်းစည်းလယ်ယာများတွင် ပျားမွေးမြူရေးကို တွဲဖက်မွေးမြူ စိုက်ပျိုးရေးနှင့်မွေးမြူရေးတွင် အကျိုးရှိပြီး အပိုဝင်ငွေရနိုင်

နေပြည်တော် ဇူလိုင် ၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာနခွဲနှင့် အစ္စရေးလ်နိုင်ငံ TAG International Development Organization တို့ ပူးပေါင်းဖွင့်လှစ်သည့် ခေတ်မီပျားမွေးမြူရေး သင်တန်းဖွင့်ပွဲကို ကျင်းပရာ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားရာ၌ ပျားမွေးမြူရေးကို မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် မိရိုးဖလာမွေးမြူလာခဲ့ကြောင်း၊ သစ်ခေါင်းပျားမွေးမြူရေးမှာ သာဓကဖြစ်ပြီး သစ်တောများမှ သဘာဝပျားရည်များကို ရှေးယခင်ကပင် ထုတ်ယူခဲ့ကြောင်း၊ ပျားသတ္တဝါသည် လုပ်ငန်းတာဝန်များကို ခွဲဝေထမ်းဆောင်သည့် သတ္တဝါဖြစ်ကြောင်း၊ ဝတ်မှုန်ဝတ်ရည်စုဆောင်းခြင်း၊ ပျားရည်ပြုလုပ်ခြင်း၊ အစောင့်တာဝန် ထမ်းဆောင်ခြင်း၊ သားလောင်းနှင့် ပျားဘုရင်မကို ပြုစုစောင့်ရှောက်ခြင်း၊ ပျားဖယောင်းပျားကော်နှင့် ပျားနို့ထုတ်လုပ်ခြင်းလုပ်ငန်းများကို စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သည့်အတွက် အတုယူစရာကောင်းသော သတ္တဝါဖြစ်ကြောင်း၊ ပျားဘုရင်မတစ်ကောင်မှ ပျားမြောက်မြားစွာကို ပေါက်ဖွားထုတ်လုပ်နိုင်ပြီး ပျားအုံတစ်အုံမှ တစ်နှစ်လျှင် ပျားရည်ပေါင် ၅၀ မှ ၁၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း၊ ပျားမွေးမြူရေး၏ အကျိုးကျေးဇူးမှာ အစာကျွေးရန် မလိုခြင်း၊ မွေးမြူရေးကဏ္ဍတွင်သာမက စိုက်ပျိုးရေးသီးနှံများ၊ ဥယျာဉ်ခြံများတွင် ဝတ်မှုန်ကူးခြင်းကြောင့် သီးနှံအထွက်နှုန်းတိုး၍ စိုက်ပျိုးရေးကဏ္ဍတွင်ပါ အရေးကြီးကြောင်း၊ ပေါင်းစည်းလယ်ယာများတွင် ပျားမွေးမြူရေးကို တွဲဖက်မွေးမြူခြင်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် အကျိုးရှိပြီး ပျားထွက်ပစ္စည်းများ ရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်ကြောင်း၊ ကုန်ကျစရိတ်နည်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ နှစ်စဉ် ပျားရည် မက်ထရစ် ၂၀၀၀ တန်နှင့် ပျားထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေ ရရှိနေကြောင်း၊ ယခင်နှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံနှင့် အစ္စရေးလ်နိုင်ငံတို့အကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်မှုများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးကို စတင်ခဲ့သည့် ၁၉၇၉ ခုနှစ်မှစ၍ ပျားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ပေးခဲ့သည့် အစ္စရေးလ်နိုင်ငံအား အထူးကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှု အကူအညီများပေးအပ်မှုနှင့်ပတ်သက်၍ အစ္စရေးလ်နိုင်ငံသံအမတ်ကြီးအား လွန်စွာကျေးဇူးတင်ရှိကြောင်းနှင့် သင်တန်းသားများ

အနေဖြင့် ယခုသင်တန်းသည် T.O.T (Training of Trainers) သင်တန်းဖြစ်၍ အထူးသင်ယူပြီး မိမိနှင့်ဆက်စပ်သည့် တောင်သူများအား နည်းပညာများ ပြန်လည် ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အစ္စရေးလ်နိုင်ငံသံအမတ်ကြီး H.E. Yaron Mayer က အစ္စရေးလ် နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ Mashavz ကော်ပိုရေးရှင်းအဖွဲ့နှင့် Kibbutz (စုပေါင်းလယ်ယာ) များမှတစ်ဆင့် မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ရင်းရင်းနှီးနှီး ဆောင်ရွက်ခဲ့ကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနရှိ အသား/ငါးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပပုံကို MRTV၊ MRTV-4 နှင့် Skynet ရုပ်သံလိုင်းအစီအစဉ်တို့မှ အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ ပုလဲသွယ်အထူးအထွက်တိုးမျိုးစပါး ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၀)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနေ ဖခင် ဦးစံထူး၊ မိခင် ဒေါ်မိမိကြီး၊ ခင်ပွန်း ဦးမောင်မောင်နှစ်တို့အား ရည်စူး၍ ဒေါ်သန်းသန်းမိသားစုတို့က ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အာဇာနည်နေ့တွင် လော်ကားဥယျာဉ် ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၇

လော်ကားသဘာဝဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သော်လည်း ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့)တွင် အများပြည်သူစိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြိုင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် မြိုင်မြို့နယ် မကျည်းကန်ကျေးရွာ၌ ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကဏ္ဍ၏ လယ်ယာထုတ်ကုန်တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပုလဲသွယ်အထူးအထွက်တိုးမျိုးစပါးနှင့် သဘာဝဓာတ်မြေဩဇာအိတ်များ ပေးအပ်လှူဒါန်းပွဲနှင့် စပါးပျိုးထောင်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၎င်းမြို့နယ်အနေဖြင့် စားသုံးဆီဖူလုံမှုရှိသော်လည်း ဝမ်းစာစပါးဖူလုံမှုမှာ ၅၂ ရာခိုင်နှုန်းသာရှိသဖြင့် အခြားဒေသမှ ဆန်စပါးများစွာ ဝယ်ယူနေရကြောင်း၊ သို့ဖြစ်၍ မိမိဒေသအတွင်းမှာပင် ဆန်ဖူလုံရန်အတွက် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်နေကြောင်း၊ ယခုပေးအပ်လှူဒါန်းသည့် မျိုးစပါးမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သတ်မှတ်ထားသည့် စိုက်ပျိုးရေးနည်းစနစ် အချက်(၁၄)ချက်အတိုင်း အမှန်တကယ် လုပ်ဆောင်ပါက တစ်ဧကလျှင်တင်း ၂၀၀ ကျော် ပုံမှန်ထွက်ရှိနိုင်သည့် မျိုးစပါးများဖြစ်သည်ဟု သိရှိရကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ကိုယ့်ရပ်ကိုယ့်ဒေသ ဆန်ဖူလုံရေးအတွက် စိတ်ကောင်းစေတနာဖြင့် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက မျိုးစပါးများနှင့် သဘာဝ ဓာတ်မြေဩဇာအိတ်များကို စပါးစိုက်ပျိုးသည့်ကျေးရွာအုပ်စု(၁၁)စုသို့ ပေးအပ်လှူဒါန်းပြီး မျိုးစပါးများ ပျိုးထောင်နေမှုများနှင့် ဓာတ်မြေဩဇာ ကြဲပက်နေမှုများကို ကြည့်ရှုအားပေး၍ မြိုင်မြို့နယ် ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသခံပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြိုင်မြို့နယ် အောင်သုခကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၎င်းကျေးရွာ စာသင်ကျောင်းသည် ၂၀၁၁ ခုနှစ်မှစ၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် စတင်ဖွင့်လှစ်ခဲ့သည့်စာသင်ကျောင်းဖြစ်သော်လည်း စတင်ဖွင့်လှစ်ခဲ့သည့် နှစ်မှာပင် မြိုင်မြို့နယ်တစ်ခုလုံးတွင် အောင်ချက်အကောင်းဆုံး ဒုတိယဆုကို ရရှိခဲ့သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဆရာ ဆရာမများ၏ စိတ်ကောင်းစေတနာပြည့်ဝစွာဖြင့် စနစ်တကျသင်ကြားပေးခဲ့မှု၊ ကျောင်းသား ကျောင်းသူများ၏ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်ခဲ့မှု၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ အားလုံးတို့၏ စည်းလုံးညီညွတ်စွာ ကြိုးစားဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်မှုများကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်များတွင်လည်း ယခုထက်ပိုမိုတိုးတက်မှုရှိရန် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ဒုတိယဆုကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြို့နယ်နှင့်ကျေးရွာတို့မှ တာဝန်ရှိသူများက ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးနိုင်ခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းမှတ်စု

တင်ထွေး(သတင်းစဉ်)

ခရီးသွားဧည့်သည်များအား စနစ်ကျသည့်ဝန်ဆောင်မှုပေးနိုင်ရေး ဇုန်အလိုက် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

ဟိုတယ်များတွင် လာရောက်တည်းခိုကြမည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးရာတွင် စနစ်တကျရှိစေရေးအတွက် အဓိကရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ သက်ဆိုင်ရာဟိုတယ် ဇုန်အလိုက် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့၏ ဦးဆောင်မှုဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို သက်ဆိုင်ရာဟိုတယ်ဇုန်အလိုက် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းအမှတ်စဉ်(၅)အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၇၀ ကို သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်နိုင်ခဲ့ပြီ ဖြစ်သည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများတွင် ဟိုတယ်ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းနှင့် အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေးသင်တန်းဟူ၍ ဘာသာရပ်လေးမျိုးကို သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းလေးမျိုးကို သက်ဆိုင်ရာဟိုတယ်ဇုန်အလိုက်ဖွင့်လှစ်ခဲ့ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ကို နေပြည်တော်ဇုန်တွင် သင်တန်းသား သင်တန်းသူ ၁၉၀ ဖြင့်လည်းကောင်း၊ သင်တန်းအမှတ်စဉ်(၂/၂၀၁၁)ကို ပုဂံဇုန်တွင် သင်တန်းသား သင်တန်းသူ ၁၉၆ ဦးဖြင့်လည်းကောင်း၊ သင်တန်းအမှတ်စဉ်(၃/၂၀၁၁)ကို တောင်ကြီးဇုန်တွင် သင်တန်းသား သင်တန်းသူ ၂၀၀ ဖြင့်လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၄/၂၀၁၂)ကို နေပြည်တော်ဇုန်တွင် သင်တန်းသား သင်တန်းသူ ၂၀၀ ဖြင့်လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၅/၂၀၁၂)ကို နေပြည်တော်ဇုန်တွင် သင်တန်းသား သင်တန်းသူ ၁၈၄ ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ သင်တန်းအမှတ်စဉ်(၆/၂၀၁၂)ကို တောင်ကြီးမြို့နှင့်ကလောမြို့တို့၌ ၂-၇-၂၀၁၂ ရက်မှ ၄-၈-၂၀၁၂ ရက်အထိ တစ်ပြိုင်တည်းဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား သင်တန်းသူ ၁၈၉ ဦးတက်ရောက်သင်ကြားလျက်ရှိသည်။ တောင်ကြီးဇုန်တွင် အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းနှင့် အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်းတို့ကိုလည်းကောင်း၊ ကလောဇုန်တွင် ဟိုတယ်ဧည့်ကြိုသင်တန်းနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းတို့ကိုလည်းကောင်း သင်ကြားပို့ချပေးကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်မှု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ပါဝင်အားဖြည့်မှုတို့ဖြင့် ထားဝယ်မြို့တွင် ၁၂-၃-၂၀၁၂ ရက်မှ ၇-၄-၂၀၁၂ ရက်အထိ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးကို ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၂၇ ဦးတက်ရောက်အောင်မြင်ခဲ့ကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အတတ်ပညာရပ်များ တိုးတက်ထွန်းကားစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်အတွက် အဆိုပါသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်ပြီး ပုသိမ်၊ ချောင်းသာနှင့် ငွေဆောင်ဒေသများတွင်လည်း လာမည့်ဩဂုတ်လအတွင်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းလေးမျိုးကို ဖွင့်လှစ်သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အနေဖြင့် ယခုသင်တန်းသည် T.O.T (Training of Trainers) သင်တန်းဖြစ်၍ အထူးသင်ယူပြီး မိမိနှင့်ဆက်စပ်သည့် တောင်သူများအား နည်းပညာများ ပြန်လည် ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီး H.E. Yaron Mayer က အစ္စရေးလ် နိုင်ငံခြားရေးဝန်ကြီးဌာန အောက်ရှိ Mashavz ကော်ပိုရေးရှင်းအဖွဲ့နှင့် Kibbutz (စုပေါင်းလယ်ယာ) များမှတစ်ဆင့် မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ရင်းရင်းနှီးနှီး ဆောင်ရွက်ခဲ့ကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနရှိ အသား/ငါးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ခေတ်မီပျားမွေးမြူရေး သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ထုတ်လုပ်မှု၊ ပြုပြင်မွမ်းမံမှု၊ နည်းပညာဖွံ့ဖြိုးမှုနှင့် ဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် ပညာရှင်များနှင့်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝသည် အစ္စရေးလ်နိုင်ငံထက်သာလွန်ကြောင်း၊ ၎င်းအခြေအနေသည် ပျားမွေးမြူရေးအတွက် အခြေခံကောင်းများဖြစ်ပြီး နောင်တစ်ချိန်တွင် ပျားမွေးမြူရေးလုပ်ငန်းမှ နိုင်ငံခြားငွေအမြောက်အမြား ရရှိနိုင်သည့် အခွင့်အလမ်းများရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ International Development Organization မှ ပျား မွေးမြူရေးပညာရှင် Country Director, Mrs. Michal Strahilevitz က ပျားနှင့် ပျားထွက်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ နည်းပညာများကို အစ္စရေးလ်နိုင်ငံမှ ဖြန့်ဝေပေးမည်ဖြစ်ပြီး ဈေးကွက်ဝင်သည့်ပစ္စည်းများဖြစ်စေရန် အထောက်အကူပေးမည်ဖြစ်ကြောင်း၊ သမဝါယမလူမှုအဖွဲ့အစည်းများစုစည်းပြီး တွင်တွင်ကျယ်ကျယ် ဆောင်ရွက်သွားလျှင် ပိုမိုအောင်မြင်မည် ဖြစ်ကြောင်းနှင့် သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ TAG International Development Organization မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ခေတ်မီပျားမွေးမြူရေးသင်တန်းမှာ ရှစ်ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၁၆ ဦးအား စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကာ အစ္စရေးလ်နိုင်ငံ TAG International Development Organization မှ ပျားဘုရင်မကောင်ရေ ၇၀ လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်စာပေပြိုင်ပွဲဆုရသူများနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၇ ရက်က မအူပင်မြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ကျင်းပရာ သမဝါယမ ဦးစီးဌာနဦးစီးအရာရှိ ဦးသက်နိုင် ဆုချီးမြှင့်စဉ်။ (မြို့နယ်သမဝါယမအသင်းစု)

ဆိုးလ်လက်ဆောင်ပစ္စည်းပြပွဲ ၂၀၁၂ တွင်ပါဝင်ပြသနိုင်

နေပြည်တော် ဇူလိုင် ၁၇

အာဆီယံ-ကိုရီးယားစင်တာကကြီးမှူး၍ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ COEX (Convention & Exhibition Centre တွင် ဆိုးလ်လက်ဆောင်ပစ္စည်းပြပွဲ ၂၀၁၂ (SEOUL GIFT SHOW 2012)ကို ကျင်းပမည်ဖြစ်သည်။ ဆိုးလ်လက်ဆောင်ပစ္စည်းပြပွဲသို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များသည် အာဆီယံ-ကိုရီးယားစင်တာ၏ အကူအညီဖြင့် နှစ်စဉ်ပါဝင်ပြသနေကျဖြစ်သည်။

ပြပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများ ကိုရီးယားဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့်ကုန်သွယ်မှု တိုးမြှင့်စေရန်ဖြစ်သည်။ ပြပွဲတွင် လက်မှုအနုပညာပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ခရစ္စမတ်နှင့် ပွဲတော်အလှဆင်ပစ္စည်းများ၊ အိမ်ခန်းသုံး စားပွဲခင်း၊ ခန်းစီးလိုက်ကာပစ္စည်းများပါဝင်ပြသကြမည်ဖြစ်သည်။

ပြပွဲတွင် အာဆီယံ ၁၀ နိုင်ငံမှ တစ်နိုင်ငံလျှင် ပြသသူ နှစ်ဦးစီဖြင့် စုပေါင်းပြသသူ ၂၀ ပါဝင်ပြသမည်ဖြစ်သည်။ ပြပွဲတွင် မြန်မာနိုင်ငံမှ ရွေးချယ်ခံရသည့် ပြသသူလုပ်ငန်းရှင် တစ်ဦးစီအတွက် အသွားအပြန်လေယာဉ်စရိတ်၊ တည်းခိုနေထိုင်စရိတ်နှင့် သွားလာစရိတ်များကို အာဆီယံ-ကိုရီးယားစင်တာမှ ကျခံပေးမည်ဖြစ်သည်။

အာဆီယံ-ကိုရီးယားစင်တာမှ တာဝန်ရှိသူနှင့် ကျွမ်းကျင်သူတို့သည် ဩဂုတ် ၃ ရက်တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသလိုသည့် အဆိုပြုကုမ္ပဏီ၊ လုပ်ငန်းများကို စစ်ဆေးအကဲဖြတ်ရွေးချယ်မည်ဖြစ်သည်။

စိတ်ဝင်စားသည့် မြန်မာကုမ္ပဏီများအနေဖြင့် ဇူလိုင် ၁၉ ရက် မတိုင်မီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ကုန်စည်ပြပွဲဌာနစိတ် ဖုန်း-၀၆၇-၄၀၈၄၁၁၊ ဖက်စ်-၀၆၇-၄၀၈၃၁၁ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြပွဲဌာနတို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

ဆေးပညာသတင်းဆန်းများ (၂၅)

ဒေါက်တာကံညွန့်

နှစ်စဉ်မေလဒုတိယပတ်ရဲ့ တနင်္ဂနွေနေ့ကို အမေများနေ့လို့သတ်မှတ်ပြီး အမေတွေအတွက် ဂုဏ်ပြုပွဲတွေ ကျင်းပပေးခဲ့ကြတာ အားလုံးအသိပါ။ ဒီနှစ် ၂၀၁၂ ခုနှစ်ကတော့ အမေများနေ့မှာ ထူးခြားတဲ့ နှစ်တစ်နှစ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်တုန်းကမှ မပြုလုပ်ခဲ့တဲ့ အမေများရဲ့ အကျိုးအတွက် ထူးခြားတဲ့လုပ်ရပ်တစ်ခုကို လုပ်ပေးခဲ့လို့ပါပဲ။ ဒါကတော့ AIDS ဝေဒနာရှင် မိခင်လောင်းတွေကို AIDS ဆေးတိုက်ကျွေးပြီး သူတို့မွေးလာမယ့် ကလေးတွေကို AIDS ကင်းစင်တဲ့ကလေးဖြစ်လာအောင် ရည်ရွယ်လို့ပါပဲ။ ဒီလုပ်ဆောင်ချက်က အမေရိကန်နှင့် အာဖရိကနိုင်ငံက မိခင်လောင်းတွေ ခံစားခဲ့ရတာပါ။ မိခင်လောင်းတွေမှာ AIDS ဆေးကောင်းမွန်လုံလောက်စွာ တိုက်ကျွေးမထားဘူးဆိုရင် မိခင်လောင်းဆီက ကလေးကို ကူးစက်နိုင်မယ့်အခွင့်အရေး ၄၄ ရာခိုင်နှုန်းရှိပြီး အဲဒီဆေးသာ တိုက်ကျွေးထားရင် ၂ ရာခိုင်နှုန်းသာ ကူးစက်မယ့် အခွင့်အလမ်းရှိတယ်လို့ သိရကြောင်းပါခင်ဗျာ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မှုခင်းဆိုင်ရာဆေးပညာနဲ့ ပတ်သက်တဲ့သတင်းပါ။ လူတစ်ဦးသေဆုံးသွားရင် ၎င်းလူသေဆုံးရတဲ့အချိန်ကို ခန့်မှန်းရာမှာ အများအားဖြင့် ကိုယ်ခန္ဓာအပူချိန်၊ ကိုယ်ခန္ဓာအရောင်အဆင်း၊ ပုပ်သိုးနေမှု ဒါတွေနဲ့ခန့်မှန်းခဲ့ကြပါတယ်။ အခုတော့ ၂၄ နာရီအတွင်း သေဆုံးခဲ့ရင် ၎င်းသေဆုံးသူရဲ့ နှာခေါင်းထဲက အမွေးအမှင်ကလေးတွေကြည့်ပြီး ခန့်မှန်းနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒါကိုတော့ အီတလီနိုင်ငံ ဘာရီတက္ကသိုလ်က ဆေးပညာရှင်တစ်စုက တွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ လူတစ်ဦးမှာ အသက်သေဆုံးသွားပေမယ့် နှာခေါင်းထဲက အမွေးအမှင် (Cilia) လေးတွေကတော့ အချိန်အတိုင်းအတာတစ်ခုထိ လှုပ်ရှားနေဆဲဆိုတာ တွေ့ရတယ်လို့ဆိုပါတယ်။ ရုပ်အလောင်းရဲ့ အပူချိန်၊ အရောင်အဆင်း၊ ပုပ်သိုးချိန်တွေဟာ ရာသီဥတုအပူအအေးပေါ်မှာ ပြောင်းလဲနိုင်ပေမယ့် နှာခေါင်းထဲက အမွေးအမှင်တွေကတော့ မပြောင်းလဲဘဲ ရှိနိုင်တယ်လို့ သူတို့တွေ့ရှိချက်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် မှုခင်းဆိုင်ရာ ဆရာဝန်တွေဟာ ရာဇဝတ်မှုနဲ့ပတ်သက်တဲ့ လူသေအလောင်းစစ်ဆေးရာမှာ နှာခေါင်းထဲကိုလည်း စစ်ဆေးကြည့်ဖို့လိုကြောင်း တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Aspirin ဆေးပြားနဲ့ ပတ်သက်တဲ့ စင်ကာပူနိုင်ငံ (NUS) National University Singapore က ဆေးပညာရှင်တစ်စုရဲ့ တွေ့ရှိချက်ပါ။ အက်စ်ပရင်ဆေးပြားကို ပုံမှန်စားသုံးနေသူ အမျိုးသမီးတွေဟာ အဆုတ်ကင်ဆာ ဖြစ်မယ့်ဘေးက သက်သာနိုင်တယ်ဆိုတဲ့အချက်ပါ။ ယခင်က အက်စ်ပရင်ဆေးပြားဟာ Colon ကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အစာအိမ်လမ်းကြောင်း အပေါ်ပိုင်းကင်ဆာ (Ca Oesphagus) တို့ကို ကာကွယ်နိုင်ကြောင်း တွေ့ရှိထားပြီး ဖြစ်ပါတယ်။ ယခုလေ့လာချက်မှာ အက်စ်ပရင်ဆေးပြားစားသုံးသူ အမျိုးသမီးတွေမှာ အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်း လျော့နည်းနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ အဆုတ်ကင်ဆာ ဖြစ်နေသူ အမျိုးသမီး ၃၈၉ ဦးနှင့် ကင်ဆာမရှိသူ ၈၁၄ ဦးကို လေ့လာပြီး အခုတွေ့ရှိချက်ပေါ်ထွက်လာတာလို့ ဆိုကြောင်းပါခင်ဗျာ။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ Vitamin C စားသုံးခြင်းဟာ သွေးတိုးရောဂါကို ကျစေတယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ အမေရိကန်နိုင်ငံ John Hopkin တက္ကသိုလ်မှ ဆေးသုတေသီတစ်စုက လေ့လာခဲ့ကြတာဖြစ်ပြီး American Journal of Nutrition မှာ ဖော်ပြထားပါတယ်။ ၎င်းတို့လေ့လာချက်အရ ဗီတာမင်စီ 500 mgm ကို နေ့စဉ် ရှစ်ပတ်စားသုံးပြီးကြည့်တဲ့အခါ သွေးတိုးရောဂါရှိသူတစ်ဦးဟာ အတော်အသင့် သွေးတိုးကျဆင်းသွားကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဘာကြောင့် ဗီတာမင်စီဟာ သွေးတိုးကိုကျစေနိုင်သလဲဆိုတာကိုလေ့လာကြည့်တဲ့အခါ ဗီတာမင်စီဟာ သွေးထဲမှာပါဝင်တဲ့ Nitric Oxide ကို ကာကွယ်ထိန်းသိမ်းထားနိုင်ပြီး ယင်း Nitric Oxide ဓာတ်ဟာ သွေးချိန်ကို ထိန်းသိမ်းတဲ့ ဓာတ်ပစ္စည်းတွေထဲမှာ အရေးကြီးတဲ့တစ်ခုဖြစ်ကြောင်း တင်ပြထားပါတယ်။ ယခင်တွေ့ရှိချက်က ဗီတာမင်စီဟာ ဆီးများခြင်းကို ဖြစ်စေပြီး ဆီးထဲမှာ Sodium ဓာတ်ပါသွားခြင်းဖြင့် သွေးတိုးကို ကျနိုင်တယ်လို့ တချို့က ယူဆထားခဲ့ကြတာဖြစ်တယ်။ ယခု တွေ့ရှိချက်ကိုလည်း သေချာအောင် ထပ်မံသုတေသနပြုကြရဦးမယ်လို့ တင်ပြထားကြောင်းပါခင်ဗျာ။

နောက်သတင်းတစ်ပုဒ်ကတော့ အသက်ကြီးလို့ ဦးနှောက် ချွတ်ယွင်းတဲ့ ရောဂါတစ်ခုဖြစ်တဲ့ Parkinson ရောဂါလို့ခေါ်တဲ့ ခြေတုန်လက်တုန်ရောဂါ ဖြစ်သူတွေမှာ ဆီးကျိတ်ကင်ဆာနှင့် အရေပြားကင်ဆာတို့ ပူးတွဲဖြစ်ပေါ်နှုန်းများတယ်ဆိုတဲ့ အကြောင်းပါ။ ဒါကိုတော့ Utah တက္ကသိုလ် Salt Lake City က ဆေးသုတေသနဆရာဝန်တစ်စုက လေ့လာတင်ပြခဲ့ကြတာ ဖြစ်ပါတယ်။ ၎င်းတို့ဟာ လူပေါင်း ၂ ဒသမ ၂ သန်းကို Generation ၁၅ ခုမှ လေ့လာခဲ့ကြတာဖြစ်ပြီး Parkin son ဖြစ်နေတဲ့ လူ ၃၀၀၀ ကျော်ကိုလည်း Generation သုံးခု လေ့လာပြီး တွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ သူတို့လေ့လာပြီးချက်အရ ယင်းရောဂါ ဖြစ်နေသူသာမက ယင်းရောဂါများရဲ့ ဆွေမျိုးပထမနှင့် ဒုတိယ Generation တွေမှာပါ ယင်းကင်ဆာနှစ်မျိုး ဖြစ်နိုင်ခြေပိုရှိနေတာကို အံ့သြစရာတွေ့ရှိရတယ်လို့ ဆိုပါတယ်။ တတိယ Generation ကိုတော့ မလေ့လာရသေးလို့ မသိသေးပေမယ့် ဆက်ပြီးလေ့လာရဦးမယ်လို့ တင်ပြထားကြောင်းပါခင်ဗျာ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်က သက်သတ်လွတ်စားခြင်း (အသီးအနှံတွေပဲ) စားသုံးနေခြင်းဟာ နှလုံးရောဂါကို ပိုဖြစ်စေနိုင်တဲ့အချက်ပါ။ ဒီတွေ့ရှိချက်ကတော့ တရုတ်နိုင်ငံ ဟင်ဖောင်းပြည်နယ်က ဆေးသုတေသီတစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့တင်ပြချက်အရ သက်သတ်လွတ်စားသူတွေဟာ အများအားဖြင့်အစားနည်းတဲ့အတွက် သူတို့မှာ သာမန်စားသုံးနေသူတွေအတွက် အထူးလိုအပ်တဲ့ Iron, Zinc, Vitamin B_{12}, Omega 3 fatty acid တွေလည်း နည်းသွားနိုင်ပါတယ်တဲ့။ နောက်အရေးကြီးတဲ့အချက်က အဲဒီလူတွေရဲ့ သွေးထဲမှာ Homocystein ဓာတ်မြင့်တက်နေတာနဲ့၊ High Density Lipoprotein ခေါ်တဲ့လူတွေအတွက် ကောင်းကျိုးဖြစ်စေတဲ့ Cholestrol ဓာတ်နည်းသွားတာကြောင့်လို့ ဆိုပါတယ်။ ယင်းဓာတ်နှစ်မျိုးစလုံးဟာ နှလုံးရောဂါအတွက် အရေးကြီးတဲ့ ဓာတ်တွေဖြစ်တယ်။ အသီးအနှံပဲ စားသုံးသူတွေမှာ ငါး၊ ပဲအမျိုးမျိုးကရတဲ့ Omega 3 fatty acid နှင့် ရေသတ္တဝါ၊ ကြက်ဥ၊ နွားနို့တို့က များများရတဲ့ Vitamin B_{12} ဓာတ်နည်းနိုင်တာကြောင့်လည်း ဖြစ်ရတယ်လို့ ရှင်းပြထားကြောင်းပါခင်ဗျာ။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ Fibre ပါတဲ့ အစားအစာတွေကို စားသုံးခြင်းဟာအသက်ပိုရှည်စေတဲ့ သတင်းပါ။ ဒီလိုစားသုံးခြင်းဟာ နှလုံးရောဂါ၊ တချို့ ကင်ဆာရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ တချို့ကိုလည်း ကာကွယ်နိုင်တာမို့ အသက်ပိုရှည်တာလို့ဆိုပါတယ်။ ဒါကိုတော့ အမေရိကန်နိုင်ငံ ချီကာဂိုက ဆေးပညာရှင်တစ်စုက လေ့လာထားခဲ့ကြတာဖြစ်ပါတယ်။ လူတစ်ယောက်ဟာတစ်နေ့ကို Fibre ကျားတစ်ဦးအတွက် ၃၈ ဂရမ်နှင့် မတစ်ဦးအတွက် အနည်းဆုံး ၂၅ ဂရမ် စားသုံးဖို့လိုတယ်လို့ ဆိုပါတယ်။ ပေါင်မုန့်တစ်ချပ်မှာ Fibre (၂/၄)ဂရမ်ပါရှိပြီး အမေရိကန်တွေရဲ့ များသောအားဖြင့် စားသောက်ကြတဲ့အထဲမှာ Fibre ၁၅ ဂရမ်သာပါကြောင်း ဖော်ပြထားပါတယ်။

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မျက်စိနဲ့ ပတ်သက်နေပါတယ်။ လန်ဒန်မြို့က အသက်(၆၈)နှစ်အရွယ် Eric Selby ဆိုသူဟာ မျက်စိမမြင်တာ ဆယ်စုနှစ် နှစ်ခုကြာမျှရှိနေပါပြီ။ သူဟာ အပြင်လမ်းလျှောက်ထွက်ရင် သူ့ခွေးလေးအကူအညီနဲ့ သွားနေရသူပါ။ လွန်ခဲ့တဲ့နှစ်ကတော့ လန်ဒန်က မျက်စိအထူးကုဆရာဝန်တွေက သူရဲ့ညာမျက်စိထဲက မျက်စိအာရုံခံလွှာ(Retina)ထဲမှာ Argus II လို့ခေါ်တဲ့ အာရုံခံလွှာ အတုတစ်ခုကို ထည့်ပေးလိုက်ပါတယ်။ ဒီအထဲမှာ ဗီဒီယို ကင်မရာသေးသေးလေးပါပြီး ဒီကပေါ်လာတဲ့ ပုံရိပ်တွေကသူရဲ့ မျက်စိထဲက မပျက်စီးသေးတဲ့ အာရုံခံလွှာကနေပြီး မျက်စိအာရုံကြောကြီး (Optic Nerve)ကို ပို့ပေး၊ ယင်းကမှတစ်ဆင့် ဦးနှောက်ထဲမှာ ပုံရိပ်ကို မြင်နိုင်စွမ်းရခဲ့တာပါ။ အခုတော့ သူဟာခွေးကလေးအကူအညီမလိုဘဲ သူ့ဟာသူ လမ်းလျှောက်သွားလာနေနိုင်ပါပြီ။ ဒါဟာ မျက်စိဆေးပညာလောကရဲ့ အောင်မြင်မှုတစ်ရပ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်တစ်ပုဒ်ကတော့ မျက်စိနဲ့ပဲ ပတ်သက်ပါတယ်။ နေရာတကာမှာ ဝတာဟာ မကောင်းဘူးလို့ ထင်ရပေမယ့် ဝတဲ့ မိန်းမတွေမှာတော့ ထောင့်ကျယ်ရေတိမ်ဖြစ်ဖို့ ပိန်တဲ့မိန်းမတွေထက် အခွင့်အလမ်းပိုနည်းတယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ Dutch အမျိုးသမီး ၄၀၀၀ ကျော်ကို လေ့လာပြီး မျက်စိဆေးပညာရဲ့ အထင်ကရ စာစောင်တစ်ခုဖြစ်တဲ့ Archives of opthalmology မှာဖော်ပြထားတာပါ။ ဒါဟာ ရေတိမ်နှင့် အဝလွန်မှု ဘယ်လိုဆက်စပ်နေတယ်ဆိုတာ မရှင်းပြနိုင်ပေမယ့် ပိုနေတဲ့အဆီတွေက ရေတိမ်ဖြစ်မယ့် မျက်စိအရည်တွေ စိမ့်ဝင်မှုတားထားတာကြောင့်လား သို့မဟုတ် ၎င်းအမျိုးသမီးတွေမှာ Osterogen ဟိုမုန်းဓာတ်အနည်းငယ် မြင့်နေမှုကြောင့်လား စတဲ့အကြောင်းတွေကြောင့် ရေတိမ်ရောဂါအဖြစ်နည်းတယ်လို့ ထင်ရကြောင်း ရေးသားထားတာ တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ မျက်နှာမှာ အရေးအကြောင်းတွေပေါ်လာတာကို ဖျောက်ဖျက်ချင်ကြတဲ့ အမျိုးသမီးများအတွက် သတင်းကောင်းတစ်ခုပါ။ ဒါကတော့ အမေရိကန်နိုင်ငံ Los Angelies, University of Southern Califonia ဆေးပညာကောလိပ်က ဆရာဝန်တစ်စု တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ယခင်အခါက ဒီလိုအရေးအကြောင်းတွေ ဖျောက်ချင်တယ်ဆိုရင် Botox နဲ့ Dysport လို့ခေါ်တဲ့ ဆေးတွေကို မျက်နှာမှာ ထိုးပေးခဲ့ကြတာပါ။ Botox ဆေးဟာ Botulinum toxin type A နဲ့ ထုတ်လုပ်ထားတာဖြစ်ပြီး မျက်နှာက အရေးအကြောင်းပေါ်နေတဲ့ ကြွက်သားကို Paralyze ဖြစ်အောင်ထိုးပြီး ကုရတာဖြစ်ပါတယ်။ အခုသူတို့တွေ့တဲ့ နည်းကတော့ Cryoneuromodulation ခေါ်တဲ့ ကုသနည်းဖြစ်ပြီး အရေတွန့်တဲ့နေရာတွေမှာ အအေးဓာတ်နဲ့ ကုသပေးတာကြောင့် အန္တရာယ်နည်းတဲ့ ကုသနည်းဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA)ရဲ့ ခွင့်ပြုချက်တင်ထားပြီးဖြစ်ကြောင်း သိရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသည်းကင်ဆာရောဂါဟာ ယောကျ်ားဟိုမုန်းဓာတ်တစ်ခုနှင့် ဆက်စပ်နေတာကြောင့် ယင်းရောဂါတွေ ယောကျ်ားတွေမှာ အဖြစ်များရတာဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ Hongkong Chinese University က ဆေးပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလေ့လာချက်ကို ၎င်းတို့ဟာ ၂၀၀၈ ခုနှစ်ကပဲ လေ့လာခဲ့ရာမှာ အသည်းကင်ဆာဖြစ်နေသူများရဲ့ ၇၀ ရာခိုင်နှုန်းမှာ များနေတာကို တွေ့ရတဲ့ CCPK ခေါ် Gene တစ်မျိုးဟာ ယောကျ်ားဟိုမုန်းတစ်မျိုးဖြစ်တဲ့ Androgen Hormone နဲ့ ဆက်စပ်နေတာကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ လူတစ်ယောက်ရဲ့ခန္ဓာကိုယ်မှာ Gene မျိုးပေါင်း ၁၇၀၀၀ ကျော်ရှိရာမှ ယင်း Gene တစ်မျိုးကို အသည်းကင်ဆာ ဖြစ်သူတွေမှာ ထူးခြားစွာ ပိုများနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအချက်က ယောကျ်ားတွေဟာ မိန်းမတွေထက် အသည်းကင်ဆာပိုဖြစ်နေတာကို ရှင်းပြနေတယ်လို့ ဆိုပါတယ်။ သာမန်အားဖြင့် အသည်းကင်ဆာဟာ ယောကျ်ားမှာ မိန်းမထက် သုံးဆခန့် ပိုဖြစ်ပြီး တချို့ဒေသတွေမှာဖြစ်တဲ့ တရုတ်နှင့် ဂျပန်နိုင်ငံတွေမှာတော့ ခုနစ်ဆလောက် ပိုဖြစ်တယ်လို့ ဆိုပါတယ်။ အသည်းကင်ဆာဟာ ယောကျ်ားတွေမှာ အဆုတ်နှင့် အူမကြီးကင်ဆာဖြစ်ရင် တတိယအများဆုံး ကင်ဆာလို့ သိရကြောင်း တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ရှေ့ဖုံးမှ

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း Myanmar Convention Center (MCC) ၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် လယ်တောသူအလှမယ် ၂၅ ဦးက လယ်တောသူတို့၏ တစ်ဦးချင်းသဘာဝအလှ သွားလာလှုပ်ရှားမှုအမျိုးမျိုး တို့ကိုပြသကြပြီး ပျိုးကြဲ၊ ကောက်စိုက်၊ စပါးရိတ်သိမ်း၊ စပါးလှေ့၊ ဆေးဖျန်းခြင်း သဘာဝကျကျ ဟန်ပန်အမူအရာများဖြင့် ယှဉ်ပြိုင်ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရှေ့ဖုံးမှ

ပွဲကြည့်စင်များ သံချည်သံကွေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းတပ်ဆင်ပြီးစီးပြီး သံကူကွန်ကရစ်လောင်းလျက်ရှိသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးအဆင့်မြင့်အားကစားကွင်းသည် ၄၃၇၁၀ စတုရန်းမီတာရှိပြီး ပွဲကြည့်ပရိသတ် ၃၀၅၀၀ ခန့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆင့်မြင့်ဘောလုံးကွင်းပတ်လည် ၆၈ လမ်း၊ ၇၃ လမ်း၊ ငုရွှေဝါလမ်းတို့ကိုလည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပုံ့လွှားဆောက်လုပ်ရေးကုမ္ပဏီက ခြောက်လမ်းသွားလမ်းမကြီးများ ဖောက်လုပ်လျက်ရှိပြီး အားကစားကွင်းသစ်ကြီးအနီး ယာဉ်ရပ်နားစခန်း၊ စူပါမားကတ်၊ ဈေးဆိုင်ခန်းများ၊ အဆင့်မြင့်ဟိုတယ်၊ လူနေတိုက်ခန်းများပါဝင်သော မြို့ပြဖွံ့ဖြိုးရေးဇုန်တစ်ခု တည်ဆောက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရသည်။

သီဟကိုကို(မန္တလေး)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မူဆယ်၌ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုပွဲကျင်းပ

မူဆယ် ဇူလိုင် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်ခန်းမ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး မြို့နယ်၊ ကျောင်းနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မူဆယ်မြို့နယ်ပညာရေးမှူး ဒေါ်မာကြူမင်းက မူဆယ်ခရိုင်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးလုပ်ငန်းများနှင့် မူဆယ်ခရိုင်သည် ရှမ်းပြည်နယ်တစ်ခုလုံးတွင် (အောင်ချက်အကောင်းဆုံး) ပထမဆုရရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူဆယ်ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များမှ ထူးချွန်စွာအောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၈ ဦး စုစုပေါင်း ၈၄ ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

အခွန်ပညာပေး ပြည်မြို့၌ ဆွေးနွေး

ပြည် ဇူလိုင် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်ဦးစီးဌာန ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဇူလိုင် ၁ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စတိုးဆိုင်ကြီးများ၊ ကုန်တိုက်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်လုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ စည်းမျဉ်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်စည်းကြပ်ကောက်ခံနိုင်ရေး လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ အခွန်ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးလှမြင့်က စီမံချက်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပြီးနောက် လုပ်ငန်းရှင်များက သိလိုသည့်အချက်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီးဌာန)**

သိမ်းဆည်းရမိပစ္စည်းများ ပိုင်ရှင်ထံပြန်လည်ပေးအပ်

သထုံ ဇူလိုင် ၁၇

အမှုဖြင့်သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ ပိုင်ရှင်ထံပြန်လည်အပ်နှံခြင်းအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က သထုံမြို့နယ် သထုံရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက အမှာစကားပြောကြားသည်။

ထို့နောက် သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်လွင်က မှုခင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြီး ငွေကျပ် ၅၂၂၀၀၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းနှင့်ငွေကျပ် ၇၈၇၀၀ ကို ပိုင်ရှင်ဖြစ်သူ ဦးတင်အေးထံ သထုံခရိုင်ရဲတပ်ဖွဲ့မှူးကလည်းကောင်း **(အပေါ်ပုံ)**၊ သက်သေခံစက်ဘီးခြောက်စီးကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်လွင်နှင့် သထုံရဲစခန်းမှူး ရဲအုပ်ညွန့်ဝင်းတို့က သက်ဆိုင်ရာပိုင်ရှင်များထံသို့လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျောက်ဆည်မြို့နယ် မင်းရဲမြောင်းအတွင်း ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးကြီးတစ်လုံးတွေ့ရှိ

ကျောက်ဆည် ဇူလိုင် ၁၇

ကျောက်ဆည်ခရိုင် ဆည်မြောင်းဦးစီးဌာနသည် ဇော်ဂျီမြစ်နှင့် ဇော်ဂျီဆည်၏ တူးမြောင်းများကို ရေစီးရေလာကောင်းမွန်စေရန်နှင့် ကျောက်ဆည်မြို့နယ်တွင် ဇော်ဂျီမြစ်ရေလျှံမှုမှ ကာကွယ်နိုင်ရန် မြေတူးစက်ကြီးများဖြင့် တူးဖော်ခြင်း၊ ပေါင်များမြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပြီးဖြစ်သော ဇော်ဂျီဆည်၏ လက်တံမြောင်းတစ်ခုဖြစ်သည့် မင်းရဲမြောင်းအတွင်းမှ ဒုတိယကမ္ဘာစစ်အတွင်းက မပေါက်ကွဲဘဲ ကျန်ရှိနေသော လက်ကျန်ဗုံးကြီးတစ်လုံးကို တွေ့ရှိခဲ့သည်။ တွေ့ရှိရပုံမှာ ဇူလိုင် ၁၄ ရက် နံနက် ဝေလီဝေလင်းအချိန်တွင် ကျောက်ဆည်မြို့နယ် တောင်မြောက်ကျေးရွာအနီးရှိ မင်းရဲမြောင်းအတွင်း ပလတ်စတစ်ကောက်သော ကလေးငယ်များက မြေပေါ်သို့ အနည်းငယ်ပေါ်ထွက်နေသော ဗုံးကြီး၏ထိပ်ဖူးကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းကလေးငယ်များ၏ သတင်းပေးချက်အရ တောင်မြောက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးတိုးမှတစ်ဆင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သည်။

ဗုံးကြီးတွေ့ရှိရာနေရာသို့ ကျောက်ဆည်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိကြပြီး တူးဖော်ကြည့်ရာ ဗုံးကြီးကိုထောင်လျက်အနေအထားတိုင်း တူးဖော်တွေ့ရှိရသည်။ ***(အောက်ပုံ)***

၎င်းဗုံးကြီးမှာ အလျား ၃ ပေ ၂ လက်မ၊ လုံးပတ် ၃ ပေ ၅ လက်မရှိကြောင်း တိုင်းထွာရရှိသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောက်ဆည်မြို့ရှိ နယ်မြေခံတပ်ရင်းသို့ အကြောင်းကြားရာ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများက လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ***(၁၆၀)***



သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် အောင်သပြေ(၁)လမ်းနှင့် (၂)လမ်း ဝဲယာလမ်းတစ်လျှောက်တို့၌ ဇူလိုင် ၁၄ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကိုနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများပူးပေါင်းပါဝင်၍ နေအိမ်များရှိ သောက်ရေသုံးရေများတွင် ပိုးလောက်လမ်းများ စစ်ဆေးရှင်းလင်းကြစဉ်။ (၀၂၅)

ကျောက်မဲမြို့နယ် ငွေစုငွေချေးသမ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ကျောက်မဲ ဇူလိုင် ၁၇

ကျောက်မဲမြို့ အမှတ်(၂) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၇ ရက်က မေတ္တာမွန်ခန်းမ၌ ကျင်းပရာ သဘာပတိ အမှတ်(၂) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးအေးကြူက အမှာစကားပြောကြားသည်။ ထို့နောက် သဘာပတိက အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အတည်ပြုချက်ရယူကာ ကျောက်မဲမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသော(အခမဲ့) ဘိုးဘွားဆေးခန်းသို့ အလှူရှင်များကအလှူငွေကျပ် နှစ်သိန်း၊ ဇီဝိတလှူမှုကူညီရေးအသင်းသို့ အလှူငွေကျပ်တစ်သိန်းကိုလှူဒါန်းသည်။ ထို့နောက် အသင်းသားများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ရာ တက္ကသိုလ်ထူးချွန်ကျောင်းသား ကျောင်းသူနှစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူနှင့် အောင်မြင်သူ ၁၂ ဦးတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ခြောက်သိန်းတစ်သောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်ဝင်းဖေနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

ယင်းမာပင် ဇူလိုင် ၁၇

မုံရွာခရိုင် ယင်းမာပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဝန်ထမ်းများ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ဇူလိုင် ၄ ရက်က ညောင်ပင်ကြီးစုကျေးရွာ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်နှင့် ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြရာ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဗိုလ်မြင့်နှင့် ဦးကျော်မြင့်သိန်း၊ မြို့နယ်စီမံကိန်းဦးစီးမှူး၊ ကျန်းမာရေးမှူးနှင့် ဒုတိယရဲအုပ်စိုးမင်းတို့က လိုအပ်သည်များ ကူညီပေးခဲ့ကြသည်။

နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ပြည်သူတစ်ဦးချင်းစီအား ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

မင်းကင်းမြို့နယ်၌ ဓာတ်ပုံနှင့်နံရံကပ်စာစောင်ပြသ

မင်းကင်း ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မောက်တတ်ကျေးရွာ အလက(ခွဲ)၌ ဇူလိုင် ၅ ရက်က ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

ဆက်လက်၍ အောင်စည်ပြည်တည် ဘုန်းတော်ကြီးကျောင်းတိုက်၌ ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးစန်းအေးက ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှင်သန်ခိုင်မာရေးအကြောင်းတို့ကို ဟောပြောသည်။

ဆက်လက်၍ ဇူလိုင် ၆ ရက်တွင် မုဿာကျေးရွာ၌ ကျေးရွာရန်ပုံငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်မည့်စာကြည့်တိုက်ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပရာ ကျေးရွာဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ မာနိတ၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းတို့က ပန္နက်တင်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပုလဲသွယ်စပ်မျိုးစပါး မြောင်းမြ၌ ပျိုးထောင်စိုက်ပျိုး

မြောင်းမြ ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကျူဝါးကျေးရွာအုပ်စု တောင်သူ ဦးသိန်းဆိုင်ထွန်း၏ လယ်မြေတွင် ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပွဲကို ဇူလိုင် ၄ ရက် နံနက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးလှဝေ၊ တိုင်းမြေအသုံးချဌာနတာဝန်ခံ ဦးဟန်ညွှန့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ငြိမ်းနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်လေ့လာကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက မိုးစပါးတစ်ဧက အထွက်နှုန်းတိုးရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ ပညာပေးဆွေးနွေးပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ ခရိုင်/ မြို့နယ်စိုက်ပျိုးရေး တာဝန်ရှိသူများက တောင်သူ ဦးသိန်းဆိုင်ထွန်း၏ လယ်မြေတွင် ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် မျိုးစေ့ချ ပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြ စိုက်ပျိုးကြကြောင်း သိရှိရသည်။

(ဝဲပုံ) (ခရိုင်စိုက်ပျိုးရေး)

မြန်မာ့အလင်း မှုခင်းသတင်း

ကျောက်တုံးကြီးနှင့် တိုက်မိ၍ ဝါးဖောင်မျှောသူ ရေနစ်သေဆုံး

တောင်ငူ ဇူလိုင် ၁၇

ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီခန့်က တောင်ငူခရိုင် ရေတာရှည်မြို့နယ် စည်ပင်သာကျေးရွာ နဂျပ်ကျေးရွာအုပ်စုနေ ဇော်ဦး၊ ငွေးနိုင်၊ နေဇာဦး၊ ဇော်ထူးတို့သည် နဂျပ်ရွာအထက် တောင်ကြောပေါ်ကို ဝါးခုတ်သွားခဲ့ကြပြီး ဝါးဖောင်ဖွဲ့၍ နဂျပ်ချောင်းရိုးအတိုင်း ပြန်လာခဲ့ကြရာ ဇော်ဦးနှင့် ၎င်းမျှောလာသည့် ဝါးဖောင်မှာ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် အတူသွားကြသူများက ချောင်းရိုးအတိုင်း လိုက်လံရှာဖွေခဲ့ကြရာ ကလောချောင်းဝရှိ ကျောက်တုံးများစုပုံနေသော နေရာအရောက် ဇော်ဦး၏ ဝါးဖောင်ပျက်ကိုတွေ့ရှိခဲ့ရသည်။ ဆက်လက်ရှာဖွေခဲ့ရာမှ ဝါးဖောင်နှင့် မလှမ်းမကမ်းကျောက်တုံးများအကြားတွင် ဇော်ဦးမှာ နဖူး၌ ပွန်းပဲ့ဒဏ်ရာဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရ၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် သိရှိနိုင်ရန် ဆွာရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၁၂၃)

မြန်မာ့အလင်း သတိပြုဆင်ခြင်ဖွယ် ယာဉ်အန္တရာယ်

စီးလျှင်မမူးနဲ့၊ မူးလျှင်မစီးနဲ့

ယာဉ်မောင်းများကို ***“မူးလျှင်မမောင်းနဲ့၊ မောင်းလျှင်မမူးနဲ့”*** *ဟူသော ဆောင်ပုဒ်ရှိသည်။ ယာဉ်မောင်းများသည် မူးပြီးမောင်းလျှင် ယာဉ်တိုက်တတ်သဖြင့် ကြိုတင်အသိပေးသည့်အနေဖြင့် သတိပေးရေးထားသော ဆောင်ပုဒ်ဖြစ်သည်။ ထိုနည်းတူ ယာဉ်မောင်းချိန်တွင် မသောက်မစား မမူးကြရန် သတိပေးထားသော ဆောင်ပုဒ်တစ်ပုဒ်ပင်ဖြစ်သည်။*

ယနေ့ မြန်မာနိုင်ငံတွင် ဆိုင်ကယ်အများအပြားရှိသည်။ တောရော မြို့ပါ ဆိုင်ကယ်များ ပိုင်ဆိုင်ကြသည်။ ဆိုင်ကယ်ရှိသဖြင့် လိုရာခရီးရောက်နိုင်သည်။ သွားရေးလာရေးလွယ်ကူသည်။ ဆိုင်ကယ်သည် မရှိမဖြစ် ယာဉ်တစ်ခုဖြစ်လာသည်။

ထိုဆိုင်ကယ်ကို လူငယ် လူရွယ်များ စီးကြသည်။ ဆိုင်ကယ်ကို ရိုးရိုးမစီး၊ မိုင်ကုန်လီဗာတင်၍ အမြန်စီးကြသည်။ ဆိုင်ကယ်ကို မြွေလိမ်မြွေကောက် စီးကြသည်။ ဆိုင်ကယ်ကို ထောင်၍စီးကြသည်။ ဆိုင်ကယ်ကို ပြိုင်၍စီးကြသည်။ ဆိုင်ကယ်ကို အရက်မူးပြီးစီးကြသည်။ ထိုသို့ အမြန်စီးသောကြောင့် အရှိန်မထိန်းနိုင်၍ ကားဖြင့်တိုက်၊ ဆိုင်ကယ်ချင်းတိုက်၍ သေကြရသည်။ ဆိုင်ကယ်ကို မြွေလိမ်မြွေကောက်စီး၍ အရှိန်မထိန်းနိုင်ဘဲ မှောက်၍သေကြရသည်။ ဆိုင်ကယ်ကို ထောင်၍စီးသဖြင့် လဲကျကွဲကြသည်။ ဆိုင်ကယ်ကို အပြိုင်စီး၍ ယာဉ်တိုက်မှုများဖြစ်ပွားကြသည်။ ဆိုင်ကယ်ကို အရက်မူးပြီးစီး၍ ယာဉ်တိုက်မှုများဖြစ်ကာ သေပွဲဝင်ခဲ့ကြသူ အများအပြားရှိခဲ့သည်။

၅။ လူကြီးမင်း၏သားအား နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ရပြီးနောက်တွင် လူကြီးမင်း၏မြေး မောင်ဆောင်းဝဏ္ဏကိုယ်တိုင် မိခင်မမြမိုးသန့်ထံ ပညာသင်စရိတ်လာရောက်တောင်းခံတိုင်း ကျွန်ုပ်၏မိတ်ဆွေက မိခင်စိတ်ဖြင့်ကူညီပေးခဲ့ပါသည်။

၆။ လူကြီးမင်း၊ (သား)မောင်မိုးကျော်သူ၊ အတူနေကျွေးမွေးထားသော(မြေး)မောင်ဆောင်းဝဏ္ဏနှင့် ကျွန်ုပ်၏မိတ်ဆွေ မမြမိုးသန့်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြရာ မြန်မာ့ဓလေ့ထုံးတမ်းမှာ ဗုဒ္ဓဘာသာဝင်များနှင့်သက်ဆိုင်ကြောင်း၊ ဗုဒ္ဓဘာသာဝင်တစ်ဦးသေလျှင် ၎င်း၏အမွေပစ္စည်းများနှင့်စပ်လျဉ်း၍ မည်သူတို့သည် မည်၍မည်မျှရခွင့်ရှိကြောင်းသတ်မှတ်ထားပြီးဖြစ်ပါသည်။ သားသမီးတို့မှာ အမွေရှင်မိဘများကွယ်လွန်မှသာ အမွေဆက်ခံသူအဖြစ် အမွေရထိုက်ခွင့်ရှိပါသည်။ လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးသောမိဘ၏သားသမီးများအနေဖြင့် အတူနေမိဘတစ်ဦးဦးထံမှသာ အမွေရခွင့်ရှိပါလိမ့်မည်။ ထိုနည်းတူ မိဘများမသေမီအမွေခွဲပေးရန် သားသမီးများကတရားစွဲဆိုတောင်းခံခွင့်မရှိကြောင်း လူကြီးမင်းတို့အသိပင်ဖြစ်ပါလိမ့်မည်။

၇။ ထိုနည်းတူ ဗုဒ္ဓဘာသာဝင်ပစ္စည်းရှင်သည် မသေမီ ၎င်းတို့ပိုင်ပစ္စည်းများကို ကြိုက်သလိုစီမံခန့်ခွဲခွင့်ရှိကြောင်း၊ မိမိပိုင်ပစ္စည်းများကို မပေးကမ်းရ၊ မသုံးစွဲရဟူသည့် တားမြစ်ချက်မရှိကြောင်းနှင့် ဗုဒ္ဓဘာသာဝင်ပစ္စည်းရှင်ဖြစ်သူသည် ၎င်းပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ မသေမီ မိမိ၏ကျန်းမာရေး၊ စားဝတ်နေရေး၊ လူမှုရေးကုသိုလ်ရေးကိစ္စတို့မှစ၍ လိုအပ်သလိုသုံးစွဲနိုင်ခွင့်ရှိကြောင်း၊ ယင်းသို့မသုံးစွဲရန် မြန်မာ့ဓလေ့ထုံးတမ်းတွင် ပိတ်ပင်ထားမြစ်ချက်မရှိကြောင်း ပြဋ္ဌာန်းထားသည်ကို လူကြီးမင်းတို့အသိပင်ဖြစ်ပါလိမ့်မည်။

၈။ ကျွန်ုပ်၏မိတ်ဆွေသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည့်အားလျော်စွာ တည်ဆဲမြန်မာ့ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ ပိုင်ဆိုင်လုပ်ဆောင်မှုအပေါ် လုံးဝသက်ဆိုင်ခြင်းမရှိသူ လူကြီးမင်းက တရားဥပဒေအရအကျိုးခံစားခွင့်ရှိသယောင်ဖြင့် ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ လျှောက်ထားကန့်ကွက်မှုပြုလုပ်ခြင်းနှင့် သတင်းစာတွင် ဖော်ပြကန့်ကွက်ခြင်းမှာ လွန်စွာမှားယွင်းသည့်အတွက် မိမိမှားယွင်းမှုအတွက် ဝန်ချတောင်းပန်ပြီး မိမိတို့၏တင်ပြချက်ကို ရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။ ဤတောင်းဆိုချက်ကို ဆက်လက်ဖောက်ဖျက်ပါက၊ ထိုသို့ဖောက်ဖျက်မှုအတွက် နစ်နာဆုံးရှုံးမှုများနှင့် လိုအပ်သလို ဥပဒေအရအရေးယူဆောင်ရွက်ခြင်းအတွက် ကုန်ကျသမျှစရိတ်စကအဝဝသည် လူကြီးမင်း၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘမော် B.Sc, R.L, D.A,D. M.A, D.B.L, D.A.Psy.
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၂၈)
တိုက် K၊ အခန်း ၄၀၅၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၈၇၆၅၊ ၀၉-၅၁၂၇၁၀၄

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၃၅၇/က၊မြေကွက်တည်နေရာအမှတ် ၃၇၅/က၊ မာဃ ၁၄လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်လှ(ခ)ဝက်ကြီးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်လှ(ခ)ဝက်ကြီးနှင့်ခင်ပွန်းဦးထွန်းမြင့်ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်အေး ၁၂/ဥကတ(နိုင်)၁၁၇၅၅၇က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၃၇၆၊မြေကွက်တည်နေရာအမှတ်၃၇၆၊ စပယ် ၄လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ ဒေါ်ခင်သိန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် အဘွားဒေါ်ခင်သိန်းကွယ်လွန်သဖြင့် အဘိုးဦးမောင်စိန်၊ ဖခင်ဦးလှသိန်းတို့ ကွယ်လွန်၍ ဒေါ်မြတ်မြတ်သင်း ၁၂/ဥကမ(နိုင်)၁၉၁၈၀၆၊ ဒေါ်မြသီတာ ၁၂/ဥကမ(နိုင်)၁၉၁၈၀၄၊ ဦးထူးအောင် ၁၂/ဥကမ(နိုင်)၂၀၄၆၇၆တို့က အမွေ မမီမြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြပြီး ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၇၆/က+ခ၊ မြေကွက်တည်နေရာအမှတ် ၇၆/က+ခ၊ မေယုလမ်း၊ ရွှေပြည်သာမြို့နယ် ဒေါ်ခင်သော်တာအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သော်တာ ၁၂/အလန(နိုင်)၀၁၉၁၉၂ က ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်နှင့်အတူတကွ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

အရွယ်မရောက်သေးသူကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၁၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄၇

ဦးထင်အောင်သန်း **လျှောက်ထားသူ**
အမှတ် (၅၀-ဘီ)၊ အင်းလျားမြိုင်လမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် (၅၁-ဘီ)နေ အရွယ်မရောက်သေးသူ မဆောင်းသဇ္ဇာမြင့်မြတ်သက်တင်နှင့် မောင်ဘုန်းမြင့်မိုရ်ကောင်းခန့်တို့၏အကြောင်း။

အထက်အမည်ပါလျှောက်ထားသူက ဆိုခဲ့သောအရွယ်မရောက်သေးသူနှစ်ဦး၏ ကိုယ်နှင့်ပစ္စည်းအတွက် အုပ်ထိန်းသူလူကြီးအဖြစ် ၎င်းအားခန့်ထားပါမည်အကြောင်းနှင့် လျှောက်ထားရာ အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မဆောင်းသဇ္ဇာမြင့်မြတ်သက်တင်နှင့် မောင်မြင့်မိုရ်ကောင်းခန့်ဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ကိုယ်ကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်)တွင် ဆိုင်ဆိုရန်ချိန်းချက်မူသည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဘိုလေး**

ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြိတ်ခရိုင်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၇

ဦးအောင်တင်	**နှင့်**	၁။ ဦးဘဏ်ရှိန်	၂။ ဦးဖိုးအောင်
		၃။ ဦးဝင်းလွင်	၄။ ဦးမြင့်နိုင်
တရားလို		**တရားပြိုင်များ**	

ကျွန်းစုမြို့နယ်၊ ချောင်းကြီးဝကျေးရွာ ယခင်နေရပ်လိပ်စာ (ယခုနေရပ်လိပ်စာမသိ)နေ ဦးဖိုးအောင်၊ ဦးဝင်းလွင်၊ ဦးမြင့်နိုင်တို့ သိစေရမည်။

သင်တို့အပေါ်၌ ဦးအောင်တင်က ရော်ဘာပင်များနှင့်သီဟိုဠ်ပင်များ၊ မီးရှို့ဖျက်ဆီးခံရသည့်အတွက် လျော်ကြေးနစ်နာကြေးငွေကျပ်သိန်း၁၂၀ရရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ ခုနှစ် ဩဂုတ် ၇ ရက် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ချိုချိုမာ**

ဒုတိယခရိုင်တရားသူကြီး
မြိတ်ခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်း-၂၂)
ကမာရွတ်မြို့နယ်တရားရုံး
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၉ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၂

ဒေါ်ခင်မျိုးမျိုးလွင်	**နှင့်**	၁။ ဦးအောင်နိုင်ထွန်း
		၂။ ဒေါ်မော်မော်ကျော်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

တရားရှုံး(၁) ဦးအောင်နိုင်ထွန်း၊ အမှတ် (၂/၄)၊ လှိုင်မြစ်လမ်းသွယ် ၁ လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၉တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၃ ရက် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ခင်ဇော်ဦး**

မြို့နယ်တရားသူကြီး၊ ကမာရွတ်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၉

ဦးစိုးညွန့် (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးနိုင်ထွန်း)	**နှင့်**	ဒေါ်အေးငွေ
တရားလို		**တရားပြိုင်**

ပျဉ်းမနားမြို့၊ ဘိုကုန်းရပ်နေ ဒေါ်အေးငွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်စာတမ်းချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဉာဏ်မြင့်
တွဲဖက်မြို့နယ်တရားသူကြီး
ပျဉ်းမနားမြို့နယ်တရားရုံး

ကြေးပိဋကတ်တော်လှူဒါန်းကြစို့

ဝိနည်းပိဋကတ်တော်ဝင် စူဠဝါပါဠိကြေးပိဋကတ်တော်အလှူရှင်များ-

မဖူးပွင့်(ငြိမ်း)၊ ၄ လမ်း၊ မြောက်အရှေ့ကြို့ကုန်း၊ အင်းစိန်။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါက်တာစိမ့်သျှင်စိုး၊ ၄ လမ်း၊မြောက်အရှေ့ ကြို့ကုန်း၊ အင်းစိန်။	၁ချပ် ကျပ် ၂၆၀၀၀
ဦးမြခိုင်-ဒေါ်မြမြမိသားစု၊ ဗဟိုရ်လမ်း၊စမ်းချောင်း။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါ်ကုလဝတီ(မဟာစည်သာသနာ့ရိပ်သာ)၊ ဟာမစ်တစ်၊ ဗဟန်း။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါ်နန်းအေး သားသမီးမြေးတစ်စု၊ဟာမစ်တစ်၊ ဗဟန်း။	၁ချပ် ကျပ် ၂၆၀၀၀
ဦးလှထွန်း-ဒေါ်ကြည်နှင်းမာ သမီးများမွေးနေ့ အလှူ၊ သီရိမင်္ဂလာပတ်လမ်း၊ရွှေပြည်သာ။	၁ချပ် ကျပ် ၂၆၀၀၀
ကိုတင်အောင်မင်း-မဝင်းစန်း၊ကျိုက်တန်းလမ်း၊ ကြည့်မြင်တိုင်။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါ်အုန်းမွေးနေ့(၁၇-၁-၂၀၁၂)ရက်အလှူ၊ ပန်းခရေလမ်း၊ခရေပင်ရိပ်မွန်၊မင်္ဂလာဒုံ။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါက်တာဒေါ်သန်းအေးမွေးနေ့အလှူ၊ ပန်းခရေလမ်း၊ခရေပင်ရိပ်မွန်၊ မင်္ဂလာဒုံ။	၁ချပ် ကျပ် ၂၆၀၀၀
ဦးဟန်ရွှေ-ဒေါ်နွယ်နီညွန့်မိသားစု၊ဘယသိဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်၊ တာမွေ။	၃ချပ် ကျပ် ၇၈၀၀၀
မိဘနှစ်ပါးအမျှုးထား၍ မဆုမွန်ကျော်(၂၂နှစ်ပြည့်) မွေးနေ့အလှူ၊ ကျောက်တန်း။	၁ချပ် ကျပ် ၂၆၀၀၀
နှစ်ဖက်မိဘများအမျှုးထား၍ ဦးတင်ဦးလွင်-မအေးကြည်မိသားစု၊တ/ဥက္ကလာပ။	၁ချပ် ကျပ် ၂၆၀၀၀
ဦးစိန်ဝင်းမွေးနေ့အလှူ၊ ယုဇနပလာဇာအနောက်၊ ပိတောက်လမ်း၊မင်္ဂလာတောင်ညွန့်။	၁ချပ် ကျပ် ၂၆၀၀၀
ကွယ်လွန်သူမိဘများရည်စူး၍ ဦးသန်းငွေ (ဒုရဲမှူး-ငြိမ်း)-ဒေါ်ခင်မြ၊သာကေတ။	၁၀ချပ် ကျပ် ၂၆၀၀၀၀
ဦးမောင်လှိုင်-ဒေါ်ငွေငွေကြည်၊ အနောက်ခိုင်ရွှေဝါလမ်း၊သာကေတ။	၂ချပ် ကျပ် ၅၂၀၀၀
မောင်ဖြိုးသုခ၊ မောင်ရဲဘုန်းအောင်၊ မရွှေယင်းမာ မောင်နမတစ်စု၊စမိုင်၊မရမ်းကုန်း။	၁ချပ် ကျပ် ၂၆၀၀၀
မိဘများရည်စူး၍ ဦးမြအောင်-ဒေါ်မြင့်မြင့်ကြည် မိသားစု၊စမိုင်လမ်းဆုံ၊ မရမ်းကုန်း။	၁ချပ် ကျပ် ၂၆၀၀၀
မနန်းစုလပြည့်ဝန်း (၂၃)နှစ်ပြည့်မွေးနေ့အလှူ၊ ထွန်းသီရိ၆ လမ်း၊မြောက်ဒဂုံ။	၁ချပ် ကျပ် ၂၆၀၀၀
ဦးသန်းမြင့်-ဒေါ်စန်းစန်းကြည်မိသားစု၊၇-အနောက် ရပ်ကွက်၊သာကေတ။	၁ချပ် ကျပ် ၂၆၀၀၀
ဦးစောမောင်၊နံ့သာဖြူလမ်း၊ ၁၄/၃ရပ်ကွက်၊ မြင်သာ၊တောင်ဥက္ကလာပ။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါ်မမကြည်၊ မစမ်းစမ်းမော်၊ နံ့သာဖြူလမ်း၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပ။	၁ချပ် ကျပ် ၂၆၀၀၀
မခင်ဝင်းကြည်၊ နံ့သာဖြူလမ်း၊ ၁၄/၃ရပ်ကွက်၊ မြင်သာ၊ တောင်ဥက္ကလာပ။	၁ချပ် ကျပ် ၂၆၀၀၀
(ဗိုလ်မှူးချုပ်တင်ဦး)(လေတပ်-၁၂၆၆-ငြိမ်း)- ဒေါ်ညွန့်ညွန့်ရီမိသားစု၊ ၇မိုင်ခွဲ၊ မရမ်းကုန်း။	၂ချပ် ကျပ် ၅၂၀၀၀
ဦးဟန်လင်း-ဒေါ်ဝါဝါထွန်း၊သမီးကြယ်စင်လင်းထွန်း (၃)နှစ်ပြည့်မွေးနေ့၊ အင်းကြင်းမြိုင်လမ်း၊သဃ်န်းကျွန်း။	၃ချပ် ကျပ် ၇၈၀၀၀
(ဦးလှဘော်-ဒေါ်အေးရွှေ)မိသားစု၊ အမှတ်(၁)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်ကင်း။	၂ချပ် ကျပ် ၅၂၀၀၀
ဦးလင်းကိုကို-ဒေါ်ဆန်းဆန်းမာမိသားစု၊ အရှေ့ရန်ကင်း၊ အမှတ်(၁)ရပ်ကွက်၊ ရန်ကင်း။	၁ချပ် ကျပ် ၂၆၀၀၀
ဦးကျော်ဆန်းဦး-ဒေါ်သန်းသန်းဆွေ၊ အမှတ် ၃၃၅၊ ရွှေဝါလမ်း၊ ဗဟန်းမြို့နယ်။	၁ချပ် ကျပ် ၂၆၀၀၀
မောင်သန်းနိုင်၊စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ် မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်။	၁ချပ် ကျပ် ၂၆၀၀၀
(ဦးဖေမောင်)၊ဇနီးဒေါ်လှ (၈၄)နှစ်ပြည့်မွေးနေ့အလှူ၊ ကမ္ဘာအေးအိမ်ရာ၊ မရမ်းကုန်း။	၄၀ချပ် ကျပ်၁၀၄၀၀၀၀
(ဦးကျော်ဝင်းမောင်)အားရည်စူး၍ မိခင်ဒေါ်လှ၊ ကမ္ဘာအေးအိမ်ရာ၊ မရမ်းကုန်း။	၁၀ချပ် ကျပ် ၂၆၀၀၀၀
(ဦးဇော်ဝင်းမောင်)-ဒေါ်သန်းသန်းမြင့်၊(၄၆)ရပ်ကွက်၊ ရွှေဝါလမ်း၊ မြောက်ဒဂုံ။	၁ချပ် ကျပ် ၂၆၀၀၀
(ဦးခင်မောင်ဦး)-ဒေါ်သဇင်မြင့်မောင်မိသားစု၊ ကမ္ဘာအေးအိမ်ရာ၊ မရမ်းကုန်း။	၁ချပ် ကျပ် ၂၆၀၀၀
သမီးကြီးမမြတ်သန္တာမောင်အားရည်စူး၍ ဦးချစ်မောင်- ဒေါ်ခင်ဆန်းဝေမိသားစု၊ပုသိမ်လမ်း၊စမ်းချောင်း။	၁ချပ် ကျပ် ၂၆၀၀၀
အစ်မကြီးဒေါ်ခင်သန်း၊ ဦးအောင်မင်း၊ ဒေါ်ခင်စန်း၊ ဦးဇော်လင်းမောင်နမတစ်စု၊တ/ဥက္ကလာပ။	၄ချပ် ကျပ် ၁၀၄၀၀၀
ဦးသိန်းမောင်-ဒေါ်အေးရင်မိသားစု၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး။	၁ချပ် ကျပ် ၂၆၀၀၀
မိခင်ကြီးဒေါ်ပုလေးတင်အားရည်စူး၍ သမီးကြီး ဒေါ်ခင်နွဲ့ဝင်း၊(၁၀)ရပ်ကွက်၊တ/ဥက္ကလာပ။	၁ချပ် ကျပ် ၂၆၀၀၀
မောင်ပြည့်ဖြိုးဟန်၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါက်တာမြင့်ဝေ၊ဒေါ်နန်းလောင်နွမ်းမိသားစု၊ အရာရှိရိပ်သာ၊အရှေ့ကြို့ကုန်း၊အင်းစိန်။	၁ချပ် ကျပ် ၂၆၀၀၀
ဦးစောနွယ်-ဒေါ်ခင်မြင့်ကြည်မိသားစု၊ရွှေဝါထွန်း ရပ်ကွက်၊ပုသိမ်မြို့၊ဧရာဝတီတိုင်းဒေသကြီး။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါက်တာခင်မျိုးမမစော၊ ဒေါ်ယဉ်ဝင်းစော၊ဒေါ်ခိုင် ကလျာစော၊ ဒေါ်ဥမ္မာစော၊ဧရာဝတီတိုင်းဒေသကြီး။	၁ချပ် ကျပ် ၂၆၀၀၀
ဖခင်ဦးဇော်ထွန်းအားရည်စူး၍ သမီးဒေါ်မြတ်မွန် မိသားစု၊ ၄၄/၃၆ လမ်း၊ကျောက်တံတား။	၅ချပ် ကျပ် ၁၃၀၀၀၀
ဆရာတော်ဘဒ္ဒန္တတေဇ၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး။	၁ချပ် ကျပ် ၂၆၀၀၀
ဦးခင်မောင်ရီအားရည်စူး၍ ဇနီးဒေါ်ခင်ခင်အေးမိသားစု၊ အင်းလျားလမ်း၊ကမာရွတ်။	၁ချပ် ကျပ် ၂၆၀၀၀
ဖခင်ဦးခင်မောင်ရီအားရည်စူး၍ သမီးဒေါက်တာ အေးအေးရီ၊ အင်းလျားလမ်း၊ကမာရွတ်။	၁ချပ် ကျပ် ၂၆၀၀၀
ဖခင်ဦးခင်မောင်ရီအားရည်စူး၍ သား-ဦးဘဏ်ရီ- ဒေါ်တင်မာဝေမိသားစု၊ ကမာရွတ်။	၁ချပ် ကျပ် ၂၆၀၀၀
မိခင်ကြီးဒေါ်လှရင်အားရည်စူး၍ သမီးဒေါ်ချိုချိုငွေ၊ မင်္ဂလာလမ်း၊ စမ်းချောင်း။	၁ချပ် ကျပ် ၂၆၀၀၀
မိဘနှစ်ပါးအားရည်စူး၍ သမီးဒေါ်တင်တင်စန်း၊ ၁၅ လမ်း၊လမ်းမတော်။	၁ချပ် ကျပ် ၂၆၀၀၀
မိဘနှစ်ပါးအားရည်စူး၍ သမီးဒေါ်ခင်မာဝင်း၊ ၁၅ လမ်း၊ လမ်းမတော်။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါက်တာဦးမြင့်သိန်း-ဒေါ်စိမ်းလဲ့မူမိသားစု၊ ၁၅ လမ်း၊ လမ်းမတော်။	၁ချပ် ကျပ် ၂၆၀၀၀
ဦးမြင့်လွင်-ဒေါ်ကျင်မေမိသားစု၊ ၁၅ လမ်း၊ လမ်းမတော်။	၁ချပ် ကျပ် ၂၆၀၀၀
ဦးသိန်းမြင့်-ဒေါ်ကြည်တင်မိသားစု၊ ခတ္တာလမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မှော်ဘီမြို့။	၁ ချပ် ကျပ် ၂၆၀၀၀

ဆက်သွယ်လှူဒါန်းရာဌာန
မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊
ကမ္ဘာအေးဘုရားလမ်း(ကိုယ့်မင်းကိုယ့်ချင်းလမ်း)၊
(ရွှေကောင်းဟော့ပေါ့ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၈၈၀၅၊ ၀၉-၅၁၉၅၂၀၆၊ ၀၉-၄၉၃၁၆၂၁၃

စိုးနေကြာ / လပ်(မ်) နေကြာ

ကန့်ကွက်နိုင်ပါသည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၆၊ အမှတ်(၂၂/ခ)၊ ကန်တော်လေးနေ ဦးအမောင်သည် ဖော်ပြပါ **စိုး** နှင့် **Love** နေကြာနှင့် မက်မန်း အမှတ်တံဆိပ်တို့ကို ပြင်ဦးလွင်မြို့ရှိ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ပြီး မိမိတစ်ဦးတည်း မူပိုင်အဖြစ် ထုတ်လုပ်ရောင်းချသွားမည် ဖြစ်ပါသည်။ ဖော်ပြပါ တံဆိပ်နှစ်ခုအား ကန့်ကွက်လိုသူရှိပါက ၁၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအမောင် ၉/မမန(နိုင်)၀၂၈၀၈၉
ဖုန်း-၀၉-၆၅၀၆၁၆၂၊ ၀၈၅-၂၂၄၃၈၊ ၂၁၂၉၃

ကန့်ကွက်နိုင်ပါသည်

ရန်ကင်းမြို့နယ်၊Yankin Housing Project (2010-2011) အိမ်ရာ၊ တိုက် ၄/၄၊ အခန်း ၁၄ အမည်ပေါက်ပိုင်ရှင် ဦးဝေဝင်းထံမှ ဦးဇော်မင်း ၁၂/ရကန(နိုင်)၀၁၄၈၁၀၀က စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ပါက စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ကျောက်တံတားမြို့နယ်အတွင်းရှိတိုက်ခန်းအား ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူရရှိထားသူများက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ကန်ထရိုက်တာဦးအောင်ခင် ၁၂/သကတ(နိုင်) ၁၂၈၈၆၀(မှ) ဦးဘွယ်ဘွယ် E/RGN-၀၁၂၆၄၅(မှ) ဒေါ်ဒူလူး ၁၂/ကတတ(ပြု)၀၀၁၃၁၁ ဒေါ်အက်စ်ဘီရာနီ ၁၂/ကတတ(ပြု)၀၀၁၃၀၉	ဒေါ်မြတ်မာလာဝင်း ၁၂/တကန(နိုင်)၀၀၁၉၂၆	အမှတ် ၂၆၃၊၆လွှာ(ဝဲ) လမ်း၄၀၊ ကျောက်တံတားမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကိုစိုးနိုင်နှင့် အများသိစေရန်

ကျွန်တော်များ Amethyst Co.,Ltd. တွင် Sales Supervisor ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ကိုစိုးနိုင် ၁၂/ဥကတ(နိုင်)၁၆၅၇၁၉ သည် ကုမ္ပဏီမှထုတ်ယူသွားသော ကုန်ပစ္စည်းများနှင့် ငွေကြေးစာရင်းများအား လာရောက်ရှင်းလင်းပေးရန် ကုမ္ပဏီမှ ဆက်သွယ်အကြောင်းကြားသော်လည်း ပြန်လည်ဆက်သွယ်ဖြေရှင်းခြင်းမရှိခဲ့ပါ။ သို့ပါ၍ ယခုကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်ရှင်းလင်းပေးရန်ဖြစ်သည်။

သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်မရှင်းလင်းပါက မိမိတို့အနေဖြင့် တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

Amethyst Co.,Ltd.

ဦးမျိုးမြင့်လွင်နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအုန်းမြင့် ၁၂/စခန(နိုင်)၀၃၄၁၃၃သည် ဦးမျိုးမြင့်လွင် ၇/ရတန(နိုင်)၀၁၄၅၂၀ထံမှ ငွေကျပ်(သိန်းသုံးရာတိတိ)အား သုံးကြိမ်ခွဲ၍ အတိုးနှုန်း ၁၀၀ိ/-လျှင် ၁၅ိ/-ဖြင့်ချေးခဲ့စဉ်က အရောင်းအဝယ်စာချုပ်အလွတ်ခြောက်စုံတွင် ဝယ်ယူသူနေရာနှင့် ရောင်းသူနေရာ၌ လက်မှတ်များရေးထိုးပေးခဲ့ရပြီး အဆိုပါစာချုပ်များတွင် မည်သည့်စာမျှရေးသားဖြည့်သွင်းခြင်းမရှိသည်ကို ဦးအုန်းမြင့်၏ အတိုးပေးရန်ပျက်ကွက်မှုအပေါ် အဆိုပါစာချုပ်များ၌ ဦးမျိုးမြင့်လွင်က မှန်ကန်မှုမရှိသော စာသားများရေးသားဖြည့်သွင်း၍ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကိုလည်း ကျွန်ုပ်အမှုသည်၏ ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအုန်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရန်လင်းမောင်(စဉ်-၂၉၉၈၅)	**ဦးထွန်းလှိုင်(စဉ်-၆၆၆၅)**
LL.B, D.B.L, D.M.L, D.I.L	**H.G.P, LL.B, C.B.L, D.B.L**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ် ၅၀၊ ပထမထပ်၊ အခန်း(B-6)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဗိုလ်မှူးချုပ်ဝင်းရှိန် (ငြိမ်း) B.Sc , Engg(Mech;)
ကြည်း-၇၈၅၄
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကကလျှပ်
အတွင်းရေးမှူး(ငြိမ်း) ဆိပ်ကမ်းစွမ်းအားပြည့်ကော်မတီ
(၁၈-၇-၂၀၁၁) - (၁၈-၇-၂၀၁၂)

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၈-၇-၂၀၁၂ရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ တစ်နှစ်တာကာလအတွင်း ဖခင်ကြီးအားရည်စူး၍ ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှု ဒါနအစုစုနှင့် ၁၈-၇-၂၀၁၂ရက်တွင်ပြုလုပ်သော စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်နှင့် သုဝဏ္ဏမြို့နယ် သီဝံချမ်းမြေ့ကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းအစရှိသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။ **အမျှ-အမျှ-အမျှ ပေးဝေပါသည်။**

ဇနီး- ဒေါ်ခင်မေသန်းနှင့်
သားသမီးမြေးတစ်စု
သုဝဏ္ဏ

(၆)လပြည့် လွမ်းဆွတ်သတိရခြင်း

ဒေါ်အေးအေးမေ
ကောင်းမြတ်ရတနာရွှေဆိုင်

မိသားစုကိုခွဲခွာသွားတာ ၁၈-၇-၂၀၁၂ရက်တွင် (၆)လပြည့်ခဲ့သော်လည်း တစ်နေ့မျှ မေ့မရခဲ့ပါ။ မိသားစုအတွက် တာဝန်ကျေပွန်ခဲ့သူဖြစ်လို့ နှမြောတသခြင်းများစွာနဲ့ ရင်ထဲမှာအမြဲတမ်း လေးစားတန်ဖိုးထားနေမှာပါ မေမေ။ မေမေ့အတွက်ရည်စူးပြီး လှူဒါန်းသော ကောင်းမှုကုသိုလ်ဒါနများအားလုံး မေမေအေးချမ်းမြင့်မြတ်သောဘုံဘဝမှ ရရှိခံစားပြီး သာဓုခေါ်ဆိုပါမေမေ။

အမျှ- အမျှ- အမျှ- ဝေပါတယ်။

ချစ်လှစွာသောခင်ပွန်းနှင့် သားသမီးများ
ခင်ပွန်း- ဦးတင့်လွင်
သား- မောင်စိုးသက်
သမီး- မထူးထူးအေးလွင်၊ မဆုလေးနွယ်လွင်

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇စီ၁၊ မြေကွက်အမှတ် ၃၉၊ မြေကွက်တည်နေရာအမှတ် ၇၁၊ မင်္ဂလာလမ်း၊စမ်း/မြောက်၊စမ်းချောင်းမြို့နယ် ဒေါ်ကြည်ကြည်မြင့်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်မြင့်အောင် ၁၂/စခန(နိုင်)၀၀၆၇၅၅နှင့် ခင်ပွန်း ဦးသန်းဆွေတို့ ကွယ်လွန်သဖြင့် သမီးဒေါ်ဆွေဆွေဝင့် ၁၂/စခန(နိုင်)၀၀၅၃၁၅က ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄/၃၊ မြေကွက်အမှတ် ၈/၁၊ မြေကွက်တည်နေရာအမှတ် ၈/၁၊ ခွာညိုလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်သီဂီချို ၁၃/ကလန(နိုင်)၀၀၇၁၂၃က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊တရားရုံးတွင် ကိုယ်တိုင်ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၁၃၇၈၊ မြေကွက်တည်နေရာအမှတ် ၃၅၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးဘငွေး ၁၂/ဗဟန(နိုင်)၀၅၈၂၃၀ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးဘငွေး(ဖခင်)၊ဒေါ်ဒေါင်းစိန်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်တင်တင်ဝင်း ၁၂/ဗဟန(နိုင်)၀၆၃၃၉၈က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် စ/၁၁၁၊ မြေကွက်တည်နေရာအမှတ် ၂၉၈၊စကားဝါလမ်း၊နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (၁) ဒေါ်မြင့် CF-၀၇၈၀၂၅၊ (၂) ဦးစိုးမြင့် L/RGN-၀၁၂၈၀၂အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် တစ်ဦးဖြစ်သူ ဒေါ်မြင့်ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ခင်ပွန်း ဦးမောင်ရွှေ ၁၂/ဒပန(နိုင်)၀၃၃၂၀၂နှင့်အတူ ကျန်အမည်ပေါက် ဦးစိုးမြင့်တို့မှပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း(၂)၊ မြေကွက်အမှတ် ၆၂၊ မြေကွက်တည်နေရာအမှတ် ၆၂၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင်ကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ကြည်ကွယ်လွန်သဖြင့် ဒေါ်ဝင်းရွှေ ၉/ကဆန(နိုင်)၀၄၃၅၉၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာ ၆၄၃၅/၁၁၊ ၂၁-၁၀-၁၁ ဖြင့် အထွေထွေကိုယ်စားလှယ် ဦးအောင်စိုး ၁၂/ရပသ(နိုင်)၀၃၈၂၉၉က မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၆၂/က၊ မြေကွက်တည်နေရာအမှတ် ၆၂/က၊ သုဒဿန ၁ လမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးမြအောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက်ဖခင် ဦးမြအောင်နှင့် မိခင် ဒေါ်အေးမြင့် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းငွေ ၉/ကစန(နိုင်)၀၅၁၇၇၈က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းနှင့် ၂၀၀၇ ခုနှစ်တွင် ကူးယူခဲ့သော မေတ္တာဖြင့် အပိုင်ပေးစာချုပ်ရန် မြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၇၅၀၊ မြေကွက်တည်နေရာအမှတ် ၇၅၀၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ဇင်မြဝေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဇင်မြဝေ ၁၂/ဗတထ(နိုင်)၀၂၇၁၃၅က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကတိသစ္စာပြုလွှာ၊ ဝန်ခံချက်တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၆၂၂/က၊ မြေကွက်တည်နေရာအမှတ် ၆၂၂/က၊ ဦးအောင်ဖေယျ ၄ လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ် ဒေါ်စိုးသီတာ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စိုးသီတာထံမှ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဦးသန့်ဇော်လင်း ၁၂/ကမန(နိုင်)၀၈၄၅၉၀က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၄၊ မြေကွက်အမှတ် ၇၀၀/ခ၊ မြေကွက်တည်နေရာ ၇၀၀/ခ၊ လှိုင်သီရိလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဒေါ်တင်လှအမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်တင်လှထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စပွါယ်စန်း ၁၂/ကမရ(နိုင်)၀၃၉၃၇၈က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိ၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမောင်မောင်ကြည် [ဥပဒေဝန်ထမ်းအဆင့်(၁)(ငြိမ်း)]

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တိုက်(၇+၁)A၊ အခန်း ၃၀၄၊ ပါရမီကွန်ဒိုနေ (ဦးလွင်ဖော်-ဒေါ်သိန်းရှင်)တို့၏သားကြီး၊ (ဦးရီဝါရိမ်-ဒေါ်ပု)တို့၏သားသမက်၊ (ဒေါက်တာဒေါ်မေရီမွေး)၏ခင်ပွန်း၊ ဦးစန်းချိုလင်း-အကယ်ဒမီဒေါ်ငြိမ်းငြိမ်းအိ၊ ဦးထင်အောင်ကြည်-ဒေါ်ခင်သန္တာဦး၊ ဒေါ်ခင်မေကြည်-ဦးဝင်းသိန်းဦး၊ ဒေါ်အက်စတာ(ခ)ဒေါ်အေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၇-၇-၂၀၁၂ရက် နံနက် ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့နေ ဦးကြည်လင်း (တရားလွှတ်တော်ရှေ့နေ၊ ဘဏ်ရှေ့နေ)-ဒေါ်ခင်ခင်ထူးတို့၏မိခင်ကြီး၊ ဒေါက်တာငြိမ်းချမ်း၏အဘွား ဒေါ်ရုပ်သည် ၁၀-၇-၂၀၁၂ရက်တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သတင်းထောက်-ဦးကျော်လှ(သား)ကိုဝင်းကျော်
(မြေး)ဒေါက်တာနေခြည်ကျော်ကျော်နှင့် သမာဓိ-မိသားစု(တောင်ငူမြို့)

ကျေးဇူးတင်ရှိခြင်း

ရဟန်းဒါယိကာမကြီး ဒေါ်စောမြင့် (တောင်ငူ)

အသက်(၇၄)နှစ်

ကျေးဇူးရှင်မိခင်ကြီး ကျန်းမာရေးမကောင်းခင်မှ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ ကူညီစောင့်ရှောက်ပေးခဲ့ကြသော မိခင်ကြီး၏မိတ်ဆွေအပေါင်းအသင်းများ၊ နာရေးကိစ္စတွင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သတင်းမေးကြသော၊ ဝိုင်းဝန်းကူညီ အလှူဒါနပြုပေးကြသော ဌာနဆိုင်ရာများနှင့်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် မော်တော်ယာဉ်များကူညီပေးခဲ့ကြသော မိတ်ဆွေများ၊ နာရေးသို့လိုက်ပါ ပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ အမှတ် က-၈၈၊ ကံကော်လမ်းသွယ်(၂)လမ်းနေ ရွှေစည်သာပွဲရုံပိုင်ရှင် ဦးမောင်ဟုတ်-ဒေါ်ညွှန့်ညွှန့်တင်(အသင်းဝင်)တို့၏မိခင်ဖြစ်သူ ဒေါ်အင်ဖိတ်ဘိ(ခ)ဒေါ်ဘိ(သာစည်) အသက်(၇၅)နှစ်သည် ၉-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ ငါး/ပုစွန်အစာ
ထုတ်လုပ်ရောင်းဝယ်သူများအသင်း

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့ (ဥပုသ်နေ့)
၁၈-၇-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၈း၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

ညပိုင်း

- ၄း၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ပြည်သူ့ရေးရာ၊ စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
- ၆း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၈း၀၀ ပြည်တွင်းသတင်း
- \- နိုင်ငံတကာသတင်းများ
- \- မြန်မာဗီဒီယိုဇာတ်လမ်း **ရင်ဖွင့်ခွင့်ပေးပါ** ခန့်စည်သူ၊ ဘုန်းလျှံ၊ စိုးမြတ်နန္ဒာ [ဒါရိုက်တာ-ဇော်မြင့်ဦး]

ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ မြစ်ကြီးနားမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၄၇ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ မြောက်ဦးမြို့တွင် ၂ဒသမ ၈၇ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၉၂ လက်မ၊ တောင်ကုတ်မြို့နှင့် မုဒုံမြို့တို့တွင် ၁ ဒသမ ၈၅လက်မစီနှင့် ခန္တီးမြို့တွင် ၁ ဒသမ ၆၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ဖွားညွှန့်

အသက်(၉၃)နှစ်

ဦးမျိုးညွှန့်အောင်(ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)-ဒေါ်နီနီအေးတို့၏မိခင်ဖြစ်သူ ဒေါ်ဖွားညွှန့်သည် ၁၆-၇-၂၀၁၂ရက်တွင် သပွတ်စု(ခ)သာယာမြိုင်ကျေးရွာ၊ တောင်သာမြို့နယ်၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဖွားညွှန့်

သာယာမြိုင်(သပွတ်စု)ကျေးရွာ၊ တောင်သာမြို့နယ်

အသက်(၉၃)နှစ်

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်အောင်နှင့်ဇနီး ဒေါ်နီနီအေးတို့၏မိခင် ဒေါ်ဖွားညွှန့် အသက်(၉၃)နှစ်သည် ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်နိုင်ဦး-ဒေါ်ဥမ္မာစိုးအောင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဒေါက်တာဒေါ်စိန်တင် (Sheila Pan Maung)

(ကော့နှပ်)

လက်ထောက်ကထိက(ငြိမ်း)၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၃၃(ဂျီ)၊ မောရဝတီလမ်း၊ ရှစ်မိုင်ခွဲနေ (ဦးပန်းမောင်-ဒေါ်လှခင်)တို့၏သမီး၊ (ဦးအောင်စော)၏ဇနီး၊ (ဒေါ်စိုးတင်)၏ညီမ၊ ဒေါက်တာဝင်းနိုင်-ဒေါ်လှဦးနွယ်(ဆည်မြောင်း)၊ ဒုတိယဗိုလ်မှူးကြီးအောင်ရွှေစော[အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ]-ဒေါ်ခင်ဆွေအေး၊ ဒေါက်တာမေမြနွယ်(ခေတ္တ-UK)၊ ကပ္ပတိန်အောင်ဖေစော-ဒေါ်ယုသက်စံတို့၏မိခင်၊ ဒေါက်တာကျော်လင်းစော(ခေတ္တ-UK)၊ မယမင်းအေး၊ မောင်ခန့်ညီလင်းတို့၏အဘွားသည် ၁၇-၇-၂၀၁၂ရက် ညနေ ၇း၀၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ပါကြောင်း။)

ကျန်ရစ်သူမိသားစု

ဦးသန်းစိုး(ခ)ဦးအေး(ညောင်တုန်း) B.A, B.Ed (အင်္ဂလိပ်စာ)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၁၈၅/၁၈၇၊ မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့်နေ(ဦးစိုး-ဒေါ်အုန်းတင်)တို့၏သားထွေး၊ ဦးနီ၊ (ဦးညို)-ဒေါ်မြတင့်တို့၏မောင်/ညီ၊ (ဒေါ်မြင့်မြင့်ရှိန်)၏ခင်ပွန်း၊ ဒေါ်မဥ္ဇူအေး၊ ဒေါ်စပယ်အေး-ဦးအောင်မျိုးသန့်၊ ဒေါ်ခင်နှင်းအေး၊ ဒေါ်ခင်မိုးအေး-ဦးကျော်ဇေယျာန်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၂ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်လွင်

(စီမံကိန်းဒါရိုက်တာ၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ KBZI ဘိလပ်မြေစက်ရုံစီမံကိန်း)

အသက်(၆၁)နှစ်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၂ နေ ဒေါ်စန်းစန်းအေးလှိုင်၏ခင်ပွန်း၊ ကိုစံဝင်း-မဗေရယ်ထွန်းဦး၊ ကိုငြေးလင်းမြတ်-မတင်တင်မော်၊ ကိုတင်ထွန်းလှိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၉-၇-၂၀၁၂ရက်(တနင်္လာနေ့) ည ၉နာရီတွင် အေဝမ်း(KBZI) ဘိလပ်မြေစီမံကိန်းစက်ရုံ(တောင်ကြီး)နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တောင်ကြီးမြို့ ဖောင်တော်ဆိပ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

သာစည်မြို့၊ အမှတ်(၄)၊ မြို့မရပ်ကွက်နေ ရွှေနဂါးကုမ္ပဏီလီမိတက်မိသားစုမှ ဒါရိုက်တာဦးဘဇံ၏မိခင် ဒေါ်အင်ဖိတ်ဘိသည် ၉-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဇော်မင်းထူးနှင့်ဝန်ထမ်းများ
မြို့နယ်ပြည်သူ့ဆေးရုံ၊ သာစည်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးဗိုလ်ကြည်သောင်း-ဒေါ်မီမီကိုတို့၏ဖခင် ဦးဘအေး(ကျောက်မဲ၊ မိုးကုတ်)သည် ၁၄-၇-၂၀၁၂ရက် (စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(၁၉၈၃) ဘူမိဗေဒမှ သူငယ်ချင်းများ
ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြည်ကြည်စံ (ဆရာမကြီး၊ ငြိမ်း)

စံ အဆင့်မြင့်ဆီစက်၊ မြစ်သားမြို့

အသက်(၆၃)နှစ်

သူငယ်ချင်း ဦးထက်အောင်(လ/ထညွှန်မှူး၊ ဘဏ္ဍာ/အခွန်)-ဒေါ်ငြိမ်းငြိမ်းအိတို့၏မိခင် ဒေါ်ကြည်ကြည်စံ အသက်(၆၃)နှစ်သည် ၇-၇-၂၀၁၂ရက်(စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

EMPA (6)Batch မှသူငယ်ချင်းများ
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်မျိုးကြည် (မမ)

အသက်(၈၈)နှစ်

(စက်ရှင်တရားသူကြီးဦးစိန်-ဒေါ်ရှင်)တို့၏သမီးကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းလမ်းသွယ်(၃)၊ တိုက်အမှတ် ၂၂၉၊ အခန်း ၁၃နေ (ဦးထွန်းတင်)၏ဇနီး၊ (ဦးခင်မောင်ဝင်း၊ အမှုဆောင်အင်ဂျင်နီယာ)-ဒေါ်ခင်သန်းဦး၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)-ဒေါ်သန်းသန်းဝေ၊ ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း) ညွှန်ကြားရေးမှူးချုပ်(သတ္တုတွင်း၊ ငြိမ်း) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ဆားလင်းကြီးမြို့နယ်)-ဒေါ်နွဲ့နွဲ့ရီ၊ (ဗိုလ်ကြီးမင်းကြည်)-ဒေါ်နွဲ့နွဲ့အေး(အထက-၄၊ တာမွေ)၊ ကပ္ပတိန်ခင်မောင်တင့်(ခ)ဝဏ္ဏ(Deena Shipping Co., Ltd)-ဒေါက်တာဥမ္မာကျော်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၄-၇-၂၀၁၂ရက် နံနက် ၆း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈-၇-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၂ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြတ်မြတ်စိုး (ခ) ဒေါ်မြပိုပို

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်း(အထက်)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် ၁၄နေ(ဦးတင်ဟန်-ဒေါ်ခင်တင့်)တို့၏သမီး၊ (C/E ဦးအယ်လ်ခင်ဇော်)(မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)၏ဇနီး၊ ဦးအောင်ခိုင်ဦး-ဒေါ်ဥမ္မာဇော်၊ Capt ဝင်းမြတ်သူ(St.John Shipping Co.,Ltd.)-ဒေါ်သီတာဆွေ၊ (ကိုအောင်တိုးလွင်)၊ကိုအောင်ကျော်ကျော်၊ မသီတာဝင်း၊ ကိုဝင်းမြတ် (ရွှေပြည့်စုံရွှေဆိုင်၊ နန္ဒဝန်ဈေး)-မမြတ်စန္ဒာဝင်းတို့၏မိခင်၊ မအေးငြိမ်းဆွေ(Final yr, Eng)၊ မသိမ့်မွေ့မြတ်သူ(G-7၊ အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

H.Pum Khan Mang-Hatlangh

Township Health Nursing I (Rtd.)

အသက်(၆၅)နှစ်

တီးတိန်မြို့၊ အမှတ် ၂၀၆၊ မြို့မရပ်ကွက်နေ (Pu H.L Neng Khen Thang- Pi Niang Za Ciin) တို့၏ သားကြီး၊ (Pu Thuam Cin Pau)- Pi Nok Lian Vung တို့၏ သားသမက်၊ Lang Za Khup (ဦးစီးအရာရှိ၊ သ/မ ငြိမ်း)- Ning Khan Dim (ကြီး/ရေး၊ သ/မ ကလေး)၊(Vum Za Lang A.E, DHP), Suang Khan Thang (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဟားခါး)- Kai Khan Niang,Ngul Lam Vung (ဦးစီးမှူး၊ သ/မ တီးတိန်)၊ Pau Khen Dal-Cing Khan Ciang (သား/ဖွား)၊ Pau Ki Thang ရန်ကုန်၊ Cing Go Niang - (Thang Sian Pau) ,Zo Khan Zam တို့၏အစ်ကိုကြီး၊ Thang Sian Lian (Dip.Th) ကြီးကြပ်-၁၊ ငှက်ဖျားဌာန၊ Pau Khan Sing B.A(Geog),Khup Suan Mung B.A(English),Thang Khan Thawn 2nd (Philo), Ciin Dim Cing B.A (Business), Lang Lam Cin B.Tech(Q),Vung Za En 2nd (Physics), Thang Sian Tuang တို့၏ဖခင်၊ Nu Vum Za Ciin ၏ခင်ပွန်းသည် ၁၄-၇-၂၀၁၂ရက် ည ၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၇-၂၀၁၂ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး တီးတိန်မြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်သန်းကြည် အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ အောင်သပြေလမ်း၊ အမှတ် ၂၁နေ (ဦးထွန်းမြတ်-ဒေါ်မြ)တို့၏သမီး၊ (ဦးထွန်းတင်)၏ဇနီး၊ (ဦးကြည်ဝင်း)-ဒေါ်ထားထားအိ[ပါမောက္ခ(ငြိမ်း)မြန်မာစာဌာန]၊ ဦးသိန်းဇံ(ညွှန်မှူး-ငြိမ်း၊ အဆည)-ဒေါ်စန်းစန်းမြင့်(နည်းပြ-ငြိမ်း၊ စက်သိပ္ပံ၊ အင်းစိန်)၊ ဦးစိန်ထွေး(စာရေးဆရာ မောင်စိန်ထွေး)-ဒေါ်စန္ဒာဝင်း၊ ဦးထင်စိုး(ကကလုံ၊ ငြိမ်း)-ဒေါ်ချိုချိုလွင်(ကကလုံ)၊ ဦးအေးသိုက်-ဒေါ်စန်းစန်းသွင်(အထက-၂၊ စမ်းချောင်း)၊ ဦးမျိုးသန့်(Unique Marine Training Center)-ဒေါ်ခင်ခင်သိုက်၊ ဦးတင့်မွန်အောင်-ဒေါ်ဝင်းဝင်းအေးတင်(L&N Co., Ltd) တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်သန်းကြည် အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ အောင်သပြေလမ်း၊ အမှတ် ၂၁နေ (ဦးထွန်းတင်)၏ဇနီး၊ ဒေါ်ခိုင်ခိုင်သိန်း(CDMA ဆက်သွယ်ရေး)၊ ဦးအောင်မင်းနိုင်-ဒေါ်စန္ဒီသိန်း(USA)၊ ဦးဇေယျာသိန်း(USA)၊ ဦးကျော်စွာသိန်း(USA)၊ ဦးစောသာအောင်(MIRACO CO)-ဒေါ်မေလဲ့မွန်၊ ဒေါ်မေယုမော် (Dy G.M Myanmar Indo Co., Ltd.)၊ ဦးအောင်ဝင့်မွန်သိုက်၊ ဦးသိန်းသန်းကျော်(Chief Mate)-ဒေါ်သိမ့်သဇင်သိုက်၊ (ဦးကျော်မျိုးသိုက်)၊ ဦးဝေမျိုးသိုက်(JSM)၊ ဦးအောင်မျိုးသိုက်၊ ဒေါက်တာအိမွန်ဦး(အာရှတော်ဝင်)၊ မဖြူစင်မွန်(Grade -XI ၊ အထက-၂၊ စမ်းချောင်း)၊ ဦးမောင်မောင်ကြီး-ဒေါ်နီလာဝင်းကျော်၊ ဦးမျိုးဟန်(MD-Myo Myat Han Co.,Ltd.)-ဒေါ်သန္တာဝင်းကျော်တို့၏ဘွားဘွားကြီးသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့်

GMER Hotel

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ် ၄၃နေ(ဦးကျင်လှိုင်)-ဒေါ်တင်ကြည်တို့၏သားကြီး၊ ဒေါ်စန်းစန်းမြင့်လှိုင်(MPPE)၊ ဒေါ်သန်းသန်းမြင့်(အထက-၄၊ အလုံ)၊ ဦးကျော်ကျော်မြင့် - ဒေါ်အေးအေးသိန်း (အထက-၃၊ အလုံ)၊ ဦးသန်းဇော်-ဒေါ်မော်မော်မြင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးမြင့်ဦး(ကြိုပို့၊ ထ-၄၊ အလုံ)-ဒေါ်သန်းသန်းဌေး၊ ဦးဇေယျာကျော်-ဒေါ်ရီရီနွဲ့တို့၏အစ်ကိုကြီး၊ (ဦးလှဘော်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ကိုအောင်လွင်မင်း(Park Royal Hotel)-မသီရိဇာခြည်ဦး(Horizon Int'l School)၊ ကိုကောင်းမြတ်ကျော် (KBZ Bank)တို့၏ဖခင်၊ မနှင်းဦးဝေလွင်၏အဘိုးသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၆၀၊ သိပ္ပံလမ်း၊ (ငါးလွှာ-အေ)၊ ဆင်မင်းရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှလှဝင်း

အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စုနေ (ဦးဘမော် - ဒေါ်အေးတင်)တို့၏သမီး၊ ဇီးကုန်းမြို့၊ မြို့ပတ်လမ်းနေ (ဦးထွန်းမောင် - ဒေါ်ခင်သန်း)တို့၏သမီးချွေးမ၊ (ဦးကိုစိုး)-ဒေါ်ရင်မေတို့၏တူမ၊ ဒေါ်ခင်ခင်မြင့်၊ ဦးသန်းလှ-(ဒေါ်အေးအေးမြင့်)တို့၏ညီမ၊ သန်လျင်မြို့၊ဘုရားကုန်း၊ မြို့ပြကွက်သစ်၊ အမှတ် ၁၀၄၉နေ ဦးသန်းဆွေ၏ဇနီး၊ဦးငွေးဝင်း-ဒေါ်ခင်ခင်ရွှေ၊ မမာလာမြင့်၊ (ဦးကြည်မြင့်)၊ (ဦးသန်းစိန်-ဒေါ်ခင်ချို)၊ ဦးမြင့်ဦး-ဒေါ်ခင်ငွေးမြင့်၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မိမိမော်၊ ဒေါ်အေးအေးမော်၊ ကိုဇော်ထူးနိုင်တို့၏အစ်မ၊ မအေးချမ်းမွန်၏မိခင်၊ မရည်မွန်အောင်၊ မဝတ်ရည်အောင်၊ မဝတ်ရည်သန်းထွဋ်၊ မအေးသန္တာ၊ မဇင်ဇင်ထက်တို့၏အဒေါ်၊ မသဇင်ဦး၊ မစောယုနွယ်၊ မသက်သက်ဆွေ၊ မောင်ကျော်ကျော်သူ၊မဆွေဆွေဝင်း၊မချိုချိုသန်း၊ မငြိမ်းငြိမ်းအိ၊ မောင်စောစိုးနိုင်၊ မောင်ဖြိုးသူရ၊ မခင်စပယ်သင်းတို့၏ကြီးကြီးသည် ၁၄-၇-၂၀၁၂ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၂ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ သန်လျင်မြို့နယ်၊ ဘုရားကုန်း၊မြို့ပြကွက်သစ်၊ အမှတ် ၁၀၄၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ဖွားညွှန့်

သပွတ်စု(ခ)သာယာမြိုင်ကျေးရွာ၊ တောင်သာမြို့နယ်

အသက်(၉၃)နှစ်

(ဦးရန်မှီ - ဒေါ်ညိုသာ)တို့၏သမီး၊ (ဦးချို - ဒေါ်ငွေတင်)တို့၏သမီးချွေးမ၊ (ဦးလှထွေး)၏ဇနီး၊ ဦးမျိုးညွှန့်အောင်(ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးဌာန)-ဒေါ်နီနီအေး၊ ဒေါ်စန်းညွှန့်ရီ(သာယာမြိုင်ကျေးရွာ)၊ ဦးအေးကြူ-ဒေါ်စီစီဝင်း [သုမိတ္တာ ၁၉လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ]တို့၏မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့) ည ၁၀နာရီတွင် သာယာမြိုင်ကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် သာယာမြိုင်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် သာယာမြိုင်ကျေးရွာနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြခင်(ခ)ဒေါ်လေး

အသက်(၆၇)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ တော်ကနားကျေးရွာနေ (ဦးစိန်-ဒေါ်ပု)တို့၏သမီး၊ (ဦးသောင်းကျော်စိန်)၏ဇနီး၊ (ဦးတင်ကြည်)၏ညီမ၊ ဦးခင်မောင်ရင်-ဒေါ်မြင့်မြင့်ဟန်တို့၏အစ်မ၊ကိုကျော်သူရ-မိတင်တင်ထွေးတို့၏မိခင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၃၁ (လေးလွှာ- A၊ ခေါင်းရင်း)နေ ဦးစိုးမြင့်-ဒေါ်သန်းသန်းအေးတို့၏ ဒေါ်လေးသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၇း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မဟန်နီထွန်း

Final Year (Zoology)

(ဒဂုံတက္ကသိုလ်)

အသက်(၂၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် ၆၀၊ လေးလွှာ(A)၊ ဗဟိုလမ်း၊ ခိုင်ရွှေဝါလမ်း၊ လှည်းတန်းနေ ဦးစိုးကြည်-ဒေါ်အေးအေးသန်းတို့၏သမီးကြီး၊ မမေသူခိုင် (Grade-9, B၊ အထက-၁၊ ပန်းဘဲတန်း)၏အစ်မသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၁၁း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

18-7 (19).pmd 1 7/18/2012, 1:58 AM

ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ

ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၁၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း (၄)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းလက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးဆောင်ရွက်ခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်၏ **တနင်္သာရီတိုင်းဒေသကြီး ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပုလော-သရက်ချောင်းလမ်းပိုင်း ရထားလမ်းအကြမ်းဖောက်လုပ်ရန် ခုတ်ထွင်ရှင်းလင်းရာတွင် ပါဝင်ဆုံးရှုံးသွားသော ကျေးရွာသူ၊ ကျေးရွာသားများပိုင် ရော်ဘာပင်၊ ကွမ်းသီးပင်များအတွက် လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အဆိုပါရထားလမ်းအူကြောင်းနှင့် မလွတ်ကင်းသော လယ်မြေ (၀ ဒသမ ၅၉)ဧက၊ ရော်ဘာပင်စိုက်ခင်း (၃၄ ဒသမ ၈၁)ဧက၊ ကွမ်းသီးပင်(၂ ဒသမ ၂၄)ဧကနှင့် ထရံကာ၊ ဓနိမိုးလူနေအိမ် (၂)လုံး ပါဝင်ခဲ့သည်ကို သိရှိရပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းလုပ်ငန်းများ ဦးစားပေးမှုအစီအစဉ်အရ ထားဝယ်-မြိတ်ရထားလမ်းစီမံကိန်းကို ခေတ္တဆိုင်းငံ့ထားခဲ့ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးက တာဝန်ပေးအပ်သော ပုဂ္ဂိုလ်များနှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစာရင်းကောက်ယူလျက် ပေးလျော်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်တို့ မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ စီမံချက်အရ အခြေခံနယ်ပယ် (၅)မျိုးမှ ပြိုင်ပွဲများကျင်းပခြင်း၊ အလားအလာရှိသော အားကစားမျိုးဆက်များ၊ ယှဉ်ပြိုင်ဘက်ဖြစ်သည့် အာဆီယံနိုင်ငံများကို အနိုင်ရရှိနိုင်သော အားကစားသမားများအား မှားယွင်းမှုမရှိအောင် မှန်ကန်စွာ မှတ်တမ်းထားလေ့လာရွေးချယ်၍ လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ကျွေးမွေးစရိတ်အနေဖြင့် နေပြည်တော်တွင် စခန်းသွင်းဝင်ရောက်ပါက နေထိုင်စရိတ်မပါ တစ်နေ့ ငွေကျပ် (၃၀၀၀)နှုန်းဖြစ်ပြီး ရန်ကုန်တွင် အားကစားအမျိုးအစားအလိုက် တစ်နေ့ ငွေကျပ် (၄၀၀၀)မှ ငွေကျပ် (၅၀၀၀)အထိ ရှိပါကြောင်း၊ ဝတ်စုံနှင့် နေထိုင်မှုတွင် အခြားအရှေ့တောင်အာရှနိုင်ငံများနည်းတူဆိုသည်မှာ ပုံစံကွဲပြားမှုများရှိပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်နှစ်များကထက် ပိုမို၍ ပံ့ပိုးပြင်ဆင်မှု၊ အားကစားပစ္စည်းဝယ်ယူမှု၊ ကွင်း/ရုံတည်ဆောက်မှုများ စီမံပေးလျက်ရှိပါကြောင်း၊ အားကစားလေ့ကျင့်ပြင်ဆင်ခြင်းသည် ငွေသုံးစွဲမှုများပြားသောလုပ်ငန်းဖြစ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် အဘက်ဘက်မှ သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများလည်း ရနိုင်သမျှ ရယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ဖြေကြားသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **မြို့နယ်ရဲစခန်းများအလိုက် တယ်လီဖုန်းခေါ်ဆိုခ၊ လျှပ်စစ်မီးအသုံးပြုခ၊ မော်တော်ယာဉ်စက်သုံးဆီနှုန်းထား၊ ရဲစခန်းဖွံ့ဖြိုးသာယာလှပရေးနှင့် အခြားအထွေထွေကုန်ကျစရိတ်များအား သက်ဆိုင်ရာက မည်သို့ခွင့်ပြုထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ယခင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းပြောဆိုခကို တစ်လအတွက် ခွဲဝေပေးသည့်နှုန်းမှာ (၁၆၂၅၀)ကျပ်ဖြစ်ပြီး လက်ရှိ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဖုန်းပြောဆိုခ တစ်လအတွက် ငွေကျပ် (၂၀၀၀၀)နှုန်းအထိ တိုးတက်ခွဲဝေပေးနိုင်ခဲ့ပါကြောင်း၊ လျှပ်စစ်မီးအသုံးပြုခအနေဖြင့် တပ်ဖွဲ့အရွယ်အစားအလိုက် လစဉ် ယူနစ်သတ်မှတ်မှုအား စစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းတိုင်းတာအတည်ပြု သတ်မှတ်၍ *စာမျက်နှာ ၆ ကော်လံ ၁* ●

အမျိုးသားလွှတ်တော်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီက ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် သဘာဝရေဘေးအန္တရာယ်သင့်မှုအတွက် အမျိုးသားလွှတ်တော် အနေဖြင့် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ရန် အကြံပြုတင်ပြချက်ကို လွှတ်တော်က သဘောတူသည့်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ "**ပြဋ္ဌာန်းပြီးဖြစ်သည့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဥပဒေနှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများ၏ နည်းဥပဒေများထုတ်ပြန်ရန် မည်သည့်အကြောင်းကြောင့် ကြန့်ကြာနေသည်၊ မည်သည့်အချိန်တွင် ထုတ်ပြန်ပေးနိုင်မည်၊ ဥပဒေနှင့်အညီ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်များကို မည်သည့်အချိန်တွင် ရွေးချယ်တာဝန်ပေးအပ်နိုင်မည်**"တို့နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁။)ကို နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၇။)ကို နိုင်ငံတော်သမ္မတက ၂၀၁၂ ခုနှစ်၊ မတ် ၂၈ ရက်တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေပုဒ်မ ၃၆ (က)(ခ)တို့အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေကို ၂၀၁၂ ခုနှစ်၊ ဇွန် ၂၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၁၂)က သဘောတူခဲ့သည့်အတွက် အဆိုပါနည်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ (က) (၂)နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၆ ရက်တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

အလားတူ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူရေးဆွဲခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့ရာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်တွင် (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၅။)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ယင်းဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)နှင့် (ခ)အရ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေကို ၂၀၁၂ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

အထက်ကတင်ပြခဲ့သည့် ထုတ်ပြန်ပြီး နည်းဥပဒေများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၅၇၊ ပုဒ်မခွဲ(က) တို့အရ အနီးကပ်ဆုံးကျင်းပသည့် *စာမျက်နှာ ၇ ကော်လံ ၁* ○

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အသက် ၉၀ အရွယ် မြို့တိသျှအဘိုးအို လေယာဉ်ပေါ်မှ စာ-၄
ပထမဆုံးအကြိမ် လေထီးခုန်ဆင်းခြင်းဖြင့် မွေးနေ့ကျင်းပ

အိတ်ချ်အိုင်ဗွီ စာ-၄
ကာကွယ်နိုင်သည့်ဆေး သုံးစွဲရန် အတည်ပြု

ဖားကန့်၌ စာ-၅
မိုးသည်းထန်စွာရွာသွန်း ရပ်ကွက်များအတွင်း ရေလွှမ်း



ဖော်လူး၌ မိုးခေါင်၍ လယ်သမားများ အခက်ကြုံ
စာ-၆

ယာဉ်မောင်းလိုင်စင်များသက်တမ်း ငါးနှစ်တိုးမြှင့်

မန္တလေး ဇူလိုင် ၁၇

ကိုယ်ပိုင်ယာဉ်မောင်းသူများနှင့် ယာဉ်နောက်လိုက်များ အဆင်ပြေစေရေး၊ စိတ်ချမ်းမြေ့စေရေးအတွက် မော်တော်ဆိုင်ကယ်နှင့် ကိုယ်ပိုင်မော်တော်ယာဉ်မောင်းလိုင်စင်များ၊ စပယ်ယာလက်မှတ်ရောင်းလိုင်စင်များကို ၂၀၁၂ ခုနှစ် ဇွန် ၁၅ ရက်မှစ၍ မှတ်ပုံတင်သက်တမ်းကာလ သုံးနှစ်အစား ငါးနှစ်သို့ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရေးအတွက် အငှားယာဉ်မောင်း လိုင်စင်များကို မူလသုံးနှစ်သက်တမ်းသာ ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။ **သီဟကိုကို(မန္တလေး)**